# သခင့်စကား
## The LORD's Word
ဝိညာဉ်ရေးရာစာစောင်

ရှစ်နှစ်ပြည့် အမှတ်တရ


သင်၏ နှုတ်ကပတ်ကို ကျယ်ကျယ်ဖွင့်လော့၊ ဝပြောစွာ ကျွေးမည်။ ငါ၏ လူစုသည် ငါ့စကားကို နားထောင်၍ ... ငါ့လမ်း၌ လိုက်ပါစေသော။ ဆာလံ ၈၁း ၁၀၊ ၁၃

အမှတ်စဉ် (၉၇) စက်တင်ဘာလ ၂၀၀၉ ခုနှစ် (၈-နှစ်ပြည့်အမှတ်တရ) ခမ္ဘာဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

### သုညဘဝထဲ ဖိတ်လို့ ခေါ်လိုက် (အား ချာ)

ဟိုး . . မိုးကောင်းကင်ကြီးကို လှမ်းကြည့်လိုက်စမ်း
တိမ်တွေဟာ လွင့်မျောလိုက် နိမ့်ဆင်းလိုက် ၊ ကိုယ်တော် ဖန်ဆင်းထားတဲ့ အလှ
အဆိုးတွေထဲက ရွေးလိုက် ၊ အရာရာ အကောင်းဆုံးပါဘဲ မင်းအတွက်ဆို
ဖြစ်လာမယ့် အနိမ့် အမြင့်တွက် ၊ သခင်ဘုရားထံမှာ တောင်းလိုက် ခွန်အားနော်
အရာရာတိုင်း ဘာမှမရှိတဲ့ မင်းရဲ့ ၊ သုည ဘဝထဲ ဖိတ်ခေါ်လို့ ခေါ်လိုက်။



––––––––––––––––––––––––––––––––––

### လိုရာခရီး (နန်း ရထိုက်)က.န.ခ



ပါးပြင်မှာ မျက်ရည်တွေနဲ့ ရက်ရှည်ကြာခဲ့ပါပြီ၊
ဘဝမှာ မပြည့်စုံတော့ ခါးမလှ ဝမ်းဝမခဲ့ဘူးပေ့ါ။
လောက ကျောက်ဆောင် ရိုက်ခတ်တော့ ရုတ်တရက်ကြွေခဲ့ရတယ်။
'ရက်'ကို 'လ'စား၊ 'လ'ကို 'နှစ်'စား လည်း၊ မပြောင်းလဲတဲ့ ဘဝအခြေအနေ
ရှေ့ဆက် မျက်နှာဖုံးစွပ်ပြီး အသက် မရှင်ချင်၊ အမှားဆိုတာ ပြင်ရင်သိပ်မကြာ
တွေးတောကာ စဉ်းစားနေဆဲ။ ဝမ်းနည်းကြေကွဲခြင်း အပူလုံးက
ယူကြုံးမရ ဖြစ်ခဲ့တယ်။ ရင်ထဲက ဒဏ်ရာက အထင်းသား ကွဲအက်ကာ
နာကျင်ဆဲမို့။ ပွဲ မရှိတဲ့ လေ ၊ တောင်ပံကျိုးတဲ့ ငှက် လိုရာခရီး ရောက်နိုင်အုံးမလား။



–––––––––––––––––––––––––––––––––––––––––––––

### မငိုပါဘူး ချစ်သောသခင် Marie Saw Say (Hmawbi)

အမိဝမ်းက အထွက် လောကကိုအရောက်မှာ ၊ ဦးစွာ တစ်ကြိမ် ငိုကြွေးခဲ့တယ်။
ဝေးဝေး မသွားပါနဲ့ သခင် ၊ သားတော်ကျွန် အယူခံ ဝင်ပါရစေ။
ခြေတော်ရင်းမှာ ခစားနေသော လူမျိုးတော်တွေကြောင့်
ကျွန်တော့် စကား အကျုံးမဝင်လေတော့သလား . . .၊
ဘိုးဘွား စဉ်ဆက် တော်ဝင်နန်း စံမြန်းလို့
လူအများ ကိုးစားရာ၊ ခိုလှုံရာ ကပ်ကမ္ဘာကို စိုးစံပိုင်သူ သခင်ရယ် . . .။
သခင့် "ကျွန်" မှာတော့ အညတရ ပိုးကောင် တမျှသာ

တောနဲ့တောင်စွယ်၊ ကန္တာရမြေလည်း ကျွန်တော် မွေ့လျော်
လှိုင်းလေထဲလည်း အကျွန်တော် ရှင်သန်
ပြက်ယယ်ပြုခြင်း၊ နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းညှိတ်ခြင်းနဲ့
အလိုတော်ရှိလျှင် ရွေးနှုတ် တော်မူပါလေစေတဲ့ . . .။

လျစ်လျူ မရှုပါနဲ့သခင် ၊ လုံခြုံသောအရိပ်
ကိုးစားရာ ရင်ခွင်ထံ မျှော်ကြည့်လျှက်
သခင့်ရှေ့မှောက် ခဝါချသော ကျွန်တော့် နှလုံးသားကို မျက်နှာလွှဲတော်မမူပါနဲ့။
မြောက်များဝန်တို့ အမုန်းမာန်ပြည့် မျက်ဝန်းစုံကြားမှ
ခါးသီးလှသော "ဤခွက်" အလိုတော်ရှိလျှင် "ကျွန်တော်" မှဝေးပါစေ။
ချိနဲ့သော ရိုးဆစ်၊ ကြွေလုသော ခန္ဓာ၊ ခမ်းခြောက်သော အားအင်
ခံနိုင်စွမ်းမဲ့သော အသက်ဝိညာဉ် အတွက် ၊
ကျွန်တော်လည်းလေ လူသားထဲက ဘိတ်သိက်ခံသူ ဆိုတာ သတိရပေးပါ။
သစ္စာဂတိ ထားသည်အတိုင်း သစ္စာဝတ်ကိုဖြေပါမယ်။
သို့သော်လည်းပဲ သခင့် အလိုတော်အတိုင်းပဲ ဖြစ်ပါစေ ။
သခင်ရယ် စိုးရိမ်ခြင်းကင်း ထွေးပွေ့ခြင်းနဲ့
ကြင်နာမှုပြည့် ပို့ဆောင်နေမြဲ "လက်တော်"ကိုတော့ မမေ့လျော့ပါ
သခင့်အပေါ် ချစ်ခြင်းအတွက် အကျွန်တော် အငိုတိတ်ခဲ့ပြီး . ..။



––––––––––––––––––––––––––––––––––

### "အခ" (ရောမ ၆:၂၃) (မင်းထွန်းသက်လင်)

ရှန်းကန်မှုရဲ့ တစ်နေ့တာတွင် ၊ လူတွေရဲ့ အသွင် 'ပုံပြင်' ဘဲဆိုပါစေ၊
သာယာခြင်းရဲ့ လှဆည်းဆာမှာ လူတွေရဲ့ ရွာ'ကဗျာ'ဘဲဆိုပါစေ၊
ခါးသီးခြင်းရဲ့ ဒါဏ်ရာတွေက လူတွေရဲ့ ဘဝ 'ဂီတ' ဘဲဆိုပါစေ၊
နောက်ဆုံးမှာတော့ မတွေဝေနဲ့ တွေးကြောက်မနေနဲ့
အပြစ်တရား အတွက် သေခြင်း "အခ" ကို
လျော်ကြေး အဖြစ် မဖြစ်မနေ ပေးရမှာဘဲ ။ ။



### ဩော် ဘဝ ဘဝ နောင်တဆူး

ဘဝက ခါးသီး အရင်က မသိခဲ့ ၊ အိပ်မက်က ချိုသလေး ပျားရည်ထက်တောင်ပို
စိတ်ကူးယဉ်က ဆန်းသထက်ဆန်း ၊ အခုမှတကယ့် ဘဝစစ် ရောက်
တစ်စက်တစ်စက် တောက်တောက်တောက် ၊ ဘာများပါလိမ့် မော့ကြည့်တော့
နဖူးပေါ်က ချွေးတဲ့ဟော့ ၊ သူပြောနားထောင် မြေဝယ် မကျ
သူခိုင်းသမျှ မညည်းငြူ ၊ ကျေပုံ မရသူ့စိတ်ကတော့
ဩော် အရင်းရှင်များနဲ့ကွယ် ၊ ဝန္ဒရှိသမျှ ကျေပါစေတော့
အသံတိတ် အော် နှုတ်က ဖွင့် ၊ မသေခင် အသက်ထွက်ချင်ရဲ့
ဟိုညည်း သည်ညည်းဆိုရင်း ၊ ကြားလိုက်ရတဲ့သတင်းက
သူ မသာ ကိုယ် အသုဘ တဲ့ ၊ ကိုင်း ... မှတ်ကရောဟဲ့ ။ ။

––––––––––––––––––––––––––––––––––––––––

### တော်ပါသေး ... ဘုရား မ ပေလို့ (ဆိုး)

ယုဒသန် အောက်မေ့ဘွယ်ရာ အသင်းတော်များ ဟုဘဲ နားလည် ရမည် ထင်ပါသည်။ Judson Baptist Church ဆိုတော့လေ။ စင်ကာပူ မှာတော့ ထင်ရှားသော ဗိမ္မာန်တော်လေး ဖြစ်၍ ဘုန်းတော်ထင်ရှားသော နေရာလေးပါ။ ထိုနေရာလေးမှာ မထိုက်မတန်ဘဲနှင့် စာပေ ဟောပြောပွဲ လေးတစ်ခုကို နှစ်ည တိုင်တိုင် ပါဝင်ခွင့် ရခဲ့ပါသည်။ ကျွန်တော်နှင့် မင်းအောင်သက်လွင်တို့ စာပေအကြောင်း ဟောပြော ခဲ့ကြပါသည်။ ပရိတ်သတ်တွေကလဲ များလှပါ၏။ မမျှော်လင့်ခဲ့သော်လည်း ဝေငှစရာ တစ်ချို့ကို ဝေငှခဲ့ရပါသည်။ တကယ်တော့ ခရစ်ယာန်စာပေ ပရိယတ္တိနှင့် ဆိုင်သော အရာကို ဟောပြောချင်ပေမဲ့ ကိုယ်က လူစိမ်းလဲ ဖြစ်ပြန်၊ ကိုယ့်ဆီမှာလို (မြန်မာပြည်) မဟုတ်ဘဲ၊ တိုးတက်ဖွံ့ဖြိုးသော ဒေသတစ်ခု ၏ နှလုံးသား ဗဟိုဌာနမှာ ဆိုတော့ ကြောက်ကြောက်နှင့် ဟောပြောတာ တွေက လိုရင်းကို မရောက်တာလဲ ရှိပါသည်။ စင်စစ် အသက်ကြီး လာတော့ ခေတ်ကာလနှင့်နေရာဒေသကို အံဝင်ဂွင်ကျ ဖြစ်ဖို့ရန် မလွယ် ကူလှပါ။ လူကြီးသဘာဝနှင့် ခပ်တည်တည် ဟောပြောခဲ့ပေမဲ့ Out of date တော့ဖြစ်ခဲ့မှာပါ။ သို့သော် နားလည်ပေးသော ပရိတ်သတ်နှင့် ရယ်မောပေးသော မိတ်ဆွေများအားလုံးကို ကျေးဇူးတင်စရာပါ။ တစ်ခါ တစ်လေ ရယ်စရာတွေကို ပြောပြပေမဲ့ ရယ်ပေးမဲ့သူ မရှိလျှင် အတော် ခွကျတာမျိုးလေ။ ကိုယ်က ရယ်စရာပြောလို့ နားထောင်သူက မရယ်ရင် ပြောသာပြော မောတာဘဲ အဖတ်တင်တတ်ပါ၏။ တော်ပါသေးသည် ဘုရား 'မ' ပေလို့။

(၁)စာရေးဆရာ ကိုတာက စင်ကာပူမှာ စာပေဟောပြောပွဲအကြောင်း ညည်းတွားခဲ့ပါ၏။ အမလေး၊ ကိုဆိုးရယ်။ ကျုပ်တို့ သုံးယောက် သွားဖူး တယ်။ (သွားတဲ့ သုံးယောက်က ပစ္စုပ္ပန်ကာလမှာတော့ စုပါတွေပါဘဲ၊) ကွဲ ခဲ့တယ်ဗျာတဲ့။ စင်ကာပူက လူတွေ အလုပ်များတော့ မအားဘူးဗျ။ အဲသလို ပြောခဲ့ဖူးပါ၏။ စင်ကာပူ ရောက်လျှင် အသင်းတော် တာဝန်ရှိ သူများက စာပေဟောပြောပွဲ လုပ်ပေးမည်ဆိုတော့ ကိုတာ ပြောခဲ့ဖူးသော စကားကို ကြားယောင်နေပါ၏။ သို့သော် မင်းအောင်သက်လွင် နှင့် တွေ့ပြီး လျှင်တော့ ကျွန်တော်လဲ သတ္တိရှိလာပါ၏။ သူက စီစဉ်ထုတ်ဝေနေသော သခင့်စကား စာစောင်အကြောင်းကို ပြောပြ၏။ ကျွန်တော်က တစ်နှစ် တုံးက 'သခင့်ခြေသံ' ဗီဒီယိုတစ်ကား ရိုက်ဖူး၍ ချက်ခြင်းပင် 'သခင့် စကား' ကိုစိတ်ဝင်စားခဲ့ပါ၏။ ရှစ်နှစ်လောက်ရှိပြီ။ သူကြိုးစားပြီး ဆက်ကပ်နေတာ၊ အစကတော့ အစောင် ၇၀ လောက်သာ ဖြန့်ဝေခဲ့ပြီး အင်မတန် ပင်ပန်းပါသတဲ့။ ယခုတော့ စင်ကာပူ တစ်နိုင်ငံထဲတင် စောင်ရေ တစ်ထောင်မက လစဉ် ဖြန့်ချိနေရုံမျှသာမဟုတ် အင်တာနက် ဝက်ဆိုက် စာမျက်နှာပေါ်မှာလဲ ဖတ်နိုင်ပါသတဲ့။ ဘုရားရှင်က အသုံးပြုတော့ 'သခင့် စကား' ပရိတ်သတ်ကြားထဲ ရောက်ရပါ၏။ တကယ်တော့ မင်းအောင်သက်လွင်လဲ စင်ကာပူ ဇာတိ မဟုတ်ပါ။ မြန်မာပြည်မှ သွားပြီး ထိုဒေသမှာ တစွန့်တစား ဇေံဇေလိ မျိုးစေ့ကြဲနေသူပါ။ ဖွံ့ဖြိုးတိုးတက်၍ အလုပ်များကာ တစ်ချို့ဆို ရည်းစားမျက်နှာကိုတောင် မဝတဝ ကြည့်ရသော လူငယ်တွေကြားထဲမှာ 'သခင့်စကား' ပျံ့နှံ့ရန် အလွန်ခက်ခဲပါသည်။ တိုးတက်သော နည်းပညာတွေနဲ့ ဆွဲဆောင်မှု ကြီးမားသော မီဒီယာများကြားထဲမှ သခင့်စကားသည် Out of line တော့ ဖြစ်ခဲ့မှာပါ။ သို့သော် ဘုရားရှင်၏ ကရုဏာနှင့် ချီပင့်ခဲ့သော လက်ျာလက်တော်အားဖြင့် သခင့်စကားစာစောင် တည်တံ့အောင်မြင်ခဲ့ပါသည်။ ခွန်အားယူ


သခင့်စကား ဝိညာဉ်ရေးရာစာစောင်။ အမှတ်စဉ် ၉၇။ စက်တင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်

ဖတ်ရှုပေးသော မိတ်ဆွေများ အာလုံးကိုလဲ ကျေးဇူးတင်စရာပါ။ တစ်ခါတလေ ခွန်အားယူစရာတွေ သက်သေခံချက်တွေ ရေးသားပေမဲ့ ဖတ်ပေးမဲ့သူ မရှိလျှင် အတော်ခွကျ တာမျိုးလေ။ ကိုယ်က ဟောနေပေမဲ့ နားထောင်သူက အိပ်ငိုက်ရင် ဟောရင်းနဲ့ ပျံလွန်တော်မူမယ်။ မောတာဘဲ အဖတ် တင်တတ်ပါ၏။ တော်ပါ သေးသည်၊ ဘုရား မ ပေလို့... ။

(၂)ကျွန်တော်တို့ ငယ်ငယ်က ညိုညိုရိုမ် ဆိုသော အဆိုတော် တစ်ယောက် နာမည်ကျော်ကြားပါ၏။ အလွန်လှပသော မွန်အမျိုးသမီးဖြစ်၍ သီချင်းဆိုလဲ ကောင်းရာ၊ ကျွန်တော်တို့ သေလုမတတ် နှစ်သက်ခဲ့ဖူးပါသည်။ အဲဒီတုံးက ကျွန်တော်တို့ ကောလိပ် ကျောင်းသားဖြစ်၍ သူမ၏ စတိတ်ရှိုး တွေကို ပင်ပင်ပန်းပန်း လမ်းလျှောက်ပြီးမှ ကြည့်ခဲ့ရတာပါ။ သူမကို ခပ်ဝေးဝေးက ငေးကြည့်ပြီး သူ့သီချင်းခွေတွေကို နားထောင်ရင်း သူမကို အားကျခဲ့သော ကျွန်တော်တို့သည် စင်စစ် ခေတ်ပေါ်ဂီတကိုလဲ ရူးသွပ်ခဲ့ကြပါသည်။ အဲဒီတုံးက ကျွန်တော်တို့ လူငယ်တွေအတွက် ချစ်ခင် နှစ်သက်အားကျစရာလေး ဖြစ်ရုံမက ရင်နီးကျွမ်းဝင် ခင်မင်ချင်ခဲ့ပါသည်။ ကျွန်တော့် သူငယ်ချင်း တစ်ယောက်ခမျာ သူမကို နှစ်သက်လွန်း၍ တစ်ခါလောက် နှုတ်ဆက်ခွင့်ရလျှင် တော်ပါပြီဟု မကြာခန တမ်းတခဲ့ပါသည်။ သို့သော် သူ၏ ဆန္ဒ မပြည့်ဝခဲ့ပါ။ သင်တန်း တက်ရင်း နောက်ဆုံးနှစ်မှာတော့ ဘုရားရှင် ထိုသူကို ရုပ်သိမ်းခဲ့ပါပြီ။ သူမဆုံးခင်၊ ညိုညိုရိုမ်၏ သီချင်းလေးကို နားထောင်ရင်း အိပ်ပျော်သွားခဲ့တာပါ။ စင်ကာပူ စာပေဟောပြောပွဲမှာ ထိုအဆိုတော်ကို ပြန်တွေ့တော့ ရင်ခုန်မိတာ အမှန်ပါဘဲ။ အဆိုတော်ကို ကျွန်တော်သွား၍ နှုတ်ဆက်တော့ သူမ လက်ခံပါ၏။ သူ့လက်ဖဝါးကို ဆုပ်ကိုင်မိစဉ်မှာ ဟိုးဝေးဝေးက သူငယ်ချင်းကို သတိရကာ တစ်ခါခွင့်တောင်းကာ သူငယ်ချင်း (သေဆုံးသွားသူ) ကိုယ်စား နောက်တစ်ခါ နှုတ်ဆက်ပြန်ပါ၏။ သူမက နားလည်မှာတော့ မဟုတ်ပါ။ ဒီစာရေးဆရာ နည်းနည်းဂေါက်နေပြီ။ Out of Brain ဖြစ်နေပြီ ဟု ထင်ရင်လဲ ထင်ပါစေတော့။ ကျွန်တော်ကတော့ နှစ်ခါတိတိ မညိုကို နှုတ်ဆက်ခဲ့ရတာ ကျေနပ်လှပါသည်။ နှစ်ပေါင်း သုံးဆယ်မက စောင့်ဆိုင်း ခဲ့ရသော အခွင့်အလမ်းပါ။ နှုတ်ဆက်ခွင့် ပေးသော မညိုကို ကျေးဇူးတင် စရာပါ။ တစ်ခါတစ်လေ နှုတ်ဆက်ချင်ပေမဲ့၊ နှုတ်ဆက်ခွင့် မရခဲ့လျှင် အတော် ခွကျတာမျိုးလေ။ ကိုယ်က အသေအလဲ နှုတ်ဆက်ချင်ပေမဲ့၊ နှုတ်ဆက်ခွင့် မရှိတာတို့ နှုတ်ဆက်တာကို လက်မခံတာတို့ ဖြစ်လာသောအခါ စောင့်ဆိုင်းနေရင်းနှင့် မောတာဘဲ အဖတ် တင်ပါ၏။ တော်ပါသေးသည် ဘုရားမပေလို့ ...။

(၃)ကျွန်တော် ငယ်ငယ်က အင်္ဂလိပ်စာကို ဆရာမနော်ခူးစေထံမှ သင်ယူခဲ့ရပါ၏။ အလွန်တော်သော ဆရာမပါ။ ကျွန်တော်လဲ ဆရာကောင်း တပည့် ညံ့သူ ခေသူတော့ မဟုတ်ပါ။ ဆယ်တန်းမှာ အင်္ဂလိပ်စာ အမှတ်တော်တော်ကောင်းပါ၏။ နောက်တော့ အင်္ဂလိပ်လိုတောင် စာအုပ်တွေ ရေးခဲ့၊ ထုတ်ဝေခဲ့ဖူးကာ။ အခြား ကျောင်းသားများ၏ Thesis တွေကိုပင် ကိုယ်စား ရေးပေးဖူးခဲ့ပါသည်။ သို့သော်လဲ အင်္ဂလိပ်စာကို ကျွန်တော် ပစ်ထားတာကြာပြီ။ မပြော၊ မရေး၊ မဖတ်ဘဲ နေခဲ့တာ ကြာတော့ အားလုံး မေ့တေ့တေ့ ဖြစ်လာပြီ။ တစ်ခုခုဆိုလျှင် သတိမရတော့ပါ။ အေဘီစီဒီ မတတ်ဘဲနဲ့၊ အရပ်ထဲကိုလည်၊ ကိုဘီအေ အုပ်ပေါင်းပေါင်းကာ တုတ် တစ်ချောင်းနဲ့ လမ်းကို လျှောက်တယ်၊ ဆိုသော ခေတ်ဆွေး သီချင်းတစ်ပုဒ်လို ခုမှ စင်ကာပူ သွားရမယ် လုပ်တော့ ပြဿနာဘဲ။ ကျွန်တော့် ဦးနှောက်ထဲမှာ အေဘီစီဒီတွေ မရှိဘဲ ဝတ္တုတွေ ဇာတ်လမ်းတွေချည်း ရှိနေတော့ ခက်ပြီဘဲ။ စင်ကာပူ မှာ ဘာသာစကား ခက်ခဲပါ၏။ Out of English ဖြစ်နေတာ ကြာလှပြီကိုး။ သို့သော် စင်ကာပူမှာ ကြင်နာသူ တစ်ယောက်ကို တွေ့ခဲ့ရပါ၏။ Victoria အမည်ရှိ လှလှပပ အင်္ဂလိပ်စာ ကျွမ်းကျင်သော ဆရာမတစ်ယောက်က ကျွန်တော်နှင့် အဖွဲ့ ကျကာ တစ်လလုံးလုံး အတူတူ သွားလာခွင့် ရခဲ့ပါ၏။ သူ့သမီး ဖောစေးထံ အလည် လာခဲ့သော ဆရာမသည် တစ်ချိန်လုံး ကျွန်တော့်ကို အားပေး မစ စကား ပြောပေး ပါသည်။ ကျွန်တော် နောက်နောက်ပြောင်ပြောင် ပြောလျှင်လဲ စိတ်မဆိုးဘဲ သည်းခံ ပေးကာ ကူညီ မစပေးရာ စင်စစ် စင်ကာပူမှတော့ ကောင်းကင်တမန်တစ်ပါးလို အားထားရပါသည်။ Vivocity, Sentosa, ဒူးရင်းသီး၊ အောချုပ်လမ်းမ မှစ၍ ‘စင်ကာပူခရီးဖော်’ ထို ကောင်းကင် တမန်ကိုလဲ ကျေးဇူးတင်စရာပါ။

တစ်ခါတစ်လေ အကူအညီလိုသောအခါ ကူညီပေးမဲ့သူ မရှိလျှင် အတော် ခွကျတာ မျိုးလေ။ ကိုယ်က တောင်းခံပေမဲ့ သူတပါးက မကူညီလျှင် မျက်နှာပူစရာနှင့် စိတ်အားငယ်စရာ ဖြစ်မိ၊ မောတာဘဲ အဖတ်တင်တတ်ပါ၏။ တော်ပါသေးသည် ဘုရား မ ပေလို့... ။

(၄)ခနကလေးပါဘဲ။ ရက်အနည်းငယ်ကလေးမှာဘဲ။ ခြသေ့်တစ်ပိုင်း ငါးတစ်ပိုင်း စင်ကာပူရ မှာ ခြေချခဲ့တာပါ။ သို့သော်လည်း များလှစွာသော သင်ယူစရာတွေနှင့် ချစ်ခြင်းမေတ္တာကို တွေ့ကြုံခံစားခဲ့ရပါသည်။ ကျေးဇူးတော်ပါဘဲ။ တစ်နေ့ အောချုပ် လမ်းမပေါ်မှာ လျှောက်သွားစဉ် အဆောက်အဦးတွေကို ပြန်ဖြိုပြီး အသစ်ပြန်ဆောက်နေတာ တွေ့ရပါသည်။ အံ့သြစရာပါဘဲ အကောင်းကြီး ရှိနေသေးတဲ့ ဟာကို။ ကျွန်တော်တို့ အနေနဲ့ကတော့ နေလို့ ရသေးတာဘဲ။ အပိုကုန်တာ။ အပိုပင်ပန်းတာပေါ့နော်။ လိုက်ပို့ပေးသော ကိုအယ်ဆဲက သာ၍ ကောင်းအောင်လို့လေ။ စင်ကာပူ နိုင်ငံမှာ ကောင်းတယ်ဆိုတာထက် သာ၍ ကောင်းတာ ပြည့်စုံပြီ ဆိုတာထက် သာ၍ ပြည့်စုံတာကို လိုချင်ကြပါတယ်။ ဟုပြောပြပါသည်။ တည် ဆောက်နေကြတာကို ကြည့်ရင်း နေ့စဉ် ကျွန်တော်တို့လဲ တည်ဆောက် နေကြတာပါဘဲဟု ဆင်ခြင် မိပါ၏။ ဘဝအတွက် တည်ဆောက်ကြရပါ၏။ တစ်ချို့က ပညာ ရှာရင်း၊ တစ်ချို့က ဥစ္စာရှာရင်း၊ တစ်ချို့က ကျမ်းမာခြင်းကို ရှာရင်း၊ တစ်ချို့က ချစ်သူကို ရှာရင်း၊ အသက်တာကို တည်ဆောက်နေကြရပါ၏။ ကျွန်တော်တို့လည်း စင်ကာပူမှာ သင်ယူ စရာတွေ ဝေငှစရာတွေကို ဖလှယ်ရင်းနှင့် သာ၍ ရင့်ကျက်သော အသက်တာကို တည်ဆောက်နေကြတာပါ။ သို့သော် အရေးကြီးသော တည်ဆောက် မှု တစ်ခုကို သတိရကြဖို့ပါ။ ဝိညာဉ်ရေးရာ တည်ဆောက်မှု၊ ဒါလည်းဘဲ အလွန် အရေး ကြီးပါ၏။ ငါတို့ ကောင်းနေတာဘဲ၊ ဘုရားကျောင်း တက်နေတာဘဲ။ ဘာဖြစ် လို့ ဝိညာဉ် စာတွေ ဖတ်ရမှာလဲ။ ဘာဖြစ်လို့ ဘုရားကျောင်းကို သွားရမှာလဲ။ ကယ်တင်ခြင်း ဆုကျေးဇူးကို ရခဲ့ပြီးပြီဘဲ ဆရာရယ်။ ကောင်းကင်နိုင်ငံကို ဝင်စားခွင့် ရနေပြီဘဲ ဟု အောက်မေ့ကြတာလဲ မမှားပါ။ သို့သော် ဝိညာဉ်ရေးရာ တည်ဆောက် မှုကို မရပ်၊ မနားစေချင်ပါ။ ဆက်လက်တည်ဆောင်ဖို့ပါ။ စင်ကာပူမှာ သာ၍ ကောင်းသော အရာကို လိုချင်ကြသလိုပါဘဲ။ ဘုရားရှင်သည်လည်း သာ၍ အသီး သီးသော အသက်တာ၊ ဝိညာဉ်ရေးရာ တိုးတက်ကြီးပွားမှုကို သာ၍ လိုချင်မှာပါ။ ကျွန်တော်တို့ ကောင်းပါပြီ။ သို့သော် ကောင်းနေတာလေး သာ၍ ကောင်းဖို့ပါ။ နေဟာမိ ၂း၈ မှာ ငါတို့သည် ထ၍ တည်ကြကုန်အံ့ဟုဆိုလျှက်... ထိုကောင်းမှုကို ပြီးစေခြင်းငှာ တစ်ယောက်ကို တစ်ယောက် နှိုးဆော်ကြ၏။ ဟု ကျမ်းစာလာပါ၏။

(၅)“သခင့်စကား”မှာ ဝတ္တုလေးတစ်ပုဒ် ရေးချင်တာပါ။ သို့သော် ဆောင်းပါး တစ်ပုဒ်ဘဲရေးပါဟု ဆိုသဖြင့် “တော်ပါသေး၊ ဘုရား‘မ’ပေလို့” (စင်ကာပူအလွမ်း) ကို ဝေငှခွင့် ရခဲ့တာလည်း ဝမ်းသာအားရဖြစ်ရပါ၏။ တစ်ခါတစ်လေ၊ ကိုယ်က ရေးချင်ပေမဲ့ အယ်ဒီတာမင်းများက အခွင့် မပေးလျှင် ဝမ်းနည်းစရာလေးပါ။ ရေးပေမဲ့ ဖတ်ပေးမဲ့သူ မရှိလျှင်လည်း စိတ်ညစ်စရာပါ။ ရေးသာ ရေး။ လက်ကွေးတာဘဲ အဖတ်တင်ပါ၏။ တော်ပါသေးသည် ဘုရား ‘မ’ပေလို့ ...။ ။ အစဉ်သဖြင့် “ **ဆိုး** ”

---



**ထိုနေ့ကမိုးမရွာပါ** *ကိုမေတ္တာ (သင်းအုပ်ဆရာ)*

“ဂျိန်း၊ ဒလိန်း” ဟူသော မိုးခြိမ်းသံကြောင့် ကျွန်တော် အလွန်မှပင် ဝမ်းသာ သွားရသည်။ အိပ်ခန်းပြူတင်းပေါက်မှ ကောင်းကင်ကို မော့ကြည့်လိုက်ရာ မိုးသား တိမ်လိပ်တွေ မဲမှောင် တက်လာလိုက်တာ တွေ့လိုက်ရတော့ ကလေးတစ်ယောက်လို လက်ခုပ် တီးလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော် မျှော်လင့် စောင့်စား နေသော ‘မိုး’ ရွာတော့မည် ဖြစ်သောကြောင့်တည်း။ ဒါ့ကြောင့် နှုတ်က “ဘုရားသခင်ရယ် မိုးတွေ အများကြီး ရွာပေးစမ်းပါဗျာ” ဟူ၍ ဝမ်းပန်းတသာ ပြောမိသည်။ ထိုစဉ် အိမ်အောက်ထပ်ဆီမှ ကျွန်တော်၏ ကျမ်းစာကျောင်း တပည့်မ တစ်ဦးဖြစ်သူ မညီပုန် က ကျွန်တော့်အဆိုပြုချက် ဆန္ဒနှင့် ဆန့်ကျင်စကား ဤသို့ ဆိုလာပါသည်။ “ဟာ ဆရာရယ် မိုးရွာလို့ မဖြစ်ဘူးလေ။ ဒီနေ့ နေပူမှ ဖြစ်မှာ ကျွန်မ ဒီကနေ့ မနက် စောင်တွေ လျှော်ထားတယ်။ စောင်တွေ မခြောက်ရင်တော့ ညကျရင် ကျွန်မ ဒုက္ခ ရောက်မှာလေ” “ဟ မယ်မင်းကြီးမရယ်၊ နင့်စောင် မခြောက် တာထက် ပိုအရေးကြီး တာက ငါတို့ကျောင်း စိုက်ခင်းက မုန်ညှင်းပင်လေးတွေ အပင်ပေါက်တာ ၂ပါတ် လောက်ရှိပြီ။ မိုးတစ်ခါမှ မရွာသေးတော့ အခု ဆက်မကြီးတော့ဘဲ နီကုန်ပြီ။ မိုး မရွာရင်တော့ ကြာရင်ခြောက်ပြီး သေကုန်တော့မှာ ဒီနေ့တောင် တို့တွေ အခင်းထဲ သွားတဲ့အခါ မိုးမရွာရင်တော့ ချောင်းက ရေကို ခပ်ပြီး တပင်တပန်း သယ်လောင်း ရတော့မယ်လို့ တွေးနေတာ။ ဒါ့ကြောင့် ဒီနေ့ မိုးရွာမှ ဖြစ်မှာ” “ဟင် ကျွန်မ စောင် မခြောက်တာလဲ ကျွန်မ အတွက် အရေးကြီးတာဘဲ ဒါ့ကြောင့် ဘုရားသခင် နေပြင်း ပြင်းလေး ပူပေးစမ်းပါလို့ ဆုတောင်းနေတာ ဆရာရဲ့”

ကျွန်တော်တို့ ဆရာ တပည့် နှစ်ယောက် အငြင်းပွားနေမှုကို ကြားက နားကြားပြင်းကပ်ဟန်တူသော ဆရာမ အဲနာဘဲလ်က နှုတ်ခမ်းကို တွန့်၍ ဤသို့ ဆိုပါ၏။ “ဒီ ဆရာတပည့် နှစ်ယောက်ကြားမှာ ဘုရားသခင်တော့ စိတ်ညစ်မှာဘဲ။ တစ်ယောက်က မိုးရွာခိုင်း၊ တစ်ယောက်က နေပူခိုင်းနဲ့။ ဟွန့် ကြားရတာတောင် စိတ်ညစ်လာပြီ၊” ဟု ဝင်ပြီး ပြောပါတော့သည်။ ထိုအဖြစ်အပျက်ကား လွန်ခဲ့သော ၁၉၉၄ ခုနှစ်ခန့်က ကျွန်တော် ခွန်းမြို့ရှိ နာဂ နှစ်ခြင်းကျမ်းစာကျောင်း ကို ကျောင်းအုပ်အနေဖြင့် တာဝန်ယူ နေရသော အချိန်က ဖြစ်ပါသည်။ ကျမ်းစာကျောင်းလေး ရှိ ကျောင်းသူ ကျောင်းသား များသည် စားဖိုဆောင်၌ စားသောက်မှု အဆင်ပြေ လည်ပတ်နိုင်ရေးအတွက် များစွာ ရုန်းကန်ကြရပါသည်။ ကျောင်းဝင်းအတွင်းရှိ စားပင် သီးပင်

များကို စိုက်ပျိုးရသကဲ့သို့ မြို့နှင့် မလှမ်းမကမ်းရှိ ချောင်းနဘေးတွင်လဲ စိုက်ခင်းတစ်ခုကို ခုတ်ထွင် ရှင်းလင်း၍ ဆောင်းကာလ၌ မုန်ညှင်း၊ ပဲများ၊ ပြောင်းဖူးပင်များကို စိုက်ပျိုးကာ ကျောင်းအားရက် အပါတ်စဉ် စနေနေ့တိုင်းတွင် ကျောင်းသူကျောင်းသား များနှင့် သွားရောက်ကာ အခင်း ရှင်းလင်းပေါင်းသင် မြေဆွခြင်းများ ပြုလုပ်ကြရသည်။ ယခု ခါတိုင်း နှစ်နှင့် မတူ မိုးခေါင်လွန်းပြီး မိုးတစ်ပြိုက် တစ်ကြိမ်မှပင် မရွာသဖြင့် ကျွန်တော်စိုးရိမ်ကာ မိုးကို တမ်းတ မျှော်လင့်နေချိန်ဖြစ်ပါသည်။ ယခုတော့ မိုးရွာရေး၊ နေပူရေး ကိစ္စကို ဆရာနှင့် တပည့်နှစ်ဦး ပြိုင်ဆိုင်ငြင်းခုန်ရင်း ဘုရားသခင်ကို အရေးဆို နေခြင်းဖြစ်ပါသည်။ ဘုရားသခင် မည်သူ့ဘက်မှနေ၍ မည်သို့ ဆုံးဖြတ်မည် ထင်ပါသနည်း။ ကျမ်းစာကျောင်း စားဖိုဆောင် စားသောက်ရေးအတွက် မုန်ညှင်းခင်းကလေးအတွက် အလွန် အရေးတကြီး လိုအပ်နေသော မိုးကို ရွာစေမည်လော။ သို့တည်းမဟုတ် ဆောင်း ကာလ ခြံစောင် လျှော်ထားသဖြင့် ညနေတွင် လျှော်ထားသော စောင်များ ခြောက် ရန် နေကို ပူပေးမည်လော။

သို့ရာတွင် ဘုရားသခင်သည် တရားမျှတသော အရှင် ဖြစ်ကြောင်းကို ထိုတစ်နေ့က ကျွန်တော်နှင့်တပည့်မတို့ ကျေနပ်စွာ လက်ခံလိုက်ရပါသည်။ အကြောင်းမှာ ထိုနေ့က ကျွန်တော်တို့ မျှော်လင့်သလို တစ်နေ့လုံး မိုးလဲ မရွာ၊ နေလဲ မပူခဲ့ဘဲ။ မိုးသာ အုံ့ဆိုင်းမှိုင်းညို့နေခဲ့ပြီး မိုးတစ်စက်တစ်ပေါက်မှပင် မရွာခဲ့သဖြင့် ကျွန်တော်နှင့် ကျောင်းသူ ကျောင်းသားများ မုန်ညှင်းပင်လေးတွေ ရေ ရပြီး အသက်ဆက် နိုင်ရအောင် ချောင်းမှ ရေကို ပင်ပန်းစွာ တကူးတက သယ်ယူပြီး လောင်းပေးခဲ့ရပါသည်။ ထိုနည်းတူ စွာပင် မိုးသာ အုံ့ပြီး နေလဲ တစ်ချက်ကလေးမှပင် ပွင့်၍ မလာသဖြင့် တပည့်မ လျှော်ထားသော စောင်မှာလဲ မခြောက်သဖြင့် ညအချိန် စောင်ခြုံနိုင်ရေး အတွက် မီးဖိုမှ မီးသွေး မီးခဲများကို ယူပြီး စောင်ကို ခြောက်သွေ့စေရန် မီးပူတိုက်သံတဂျစ်ဂျစ် ကို ထိုနေ့ ညဦးပိုင်းတွင် ကြားခဲ့ရပါသည်။ ထိုနေ့က မိုးမရွာပါ။

ထိုနည်းတူ .... ဘုရားသခင်ကို ကျွန်တော်တို့ ဆန္ဒဘောင်ကျဉ်းထဲတွင် ထား၍ မိမိဖြစ်စေချင်သော ဆန္ဒပြည့်ဝရန် တောင်းဆိုနေခြင်းထက် ဘုရားသခင်၏ အလိုဆန္ဒထဲတွင် ကျွန်တော်တို့သည် အသက်တာကို ပုံအပ်ပြီး ကျေနပ်စွာ အသက်ရှင်နိုင်ရန်သာ လိုအပ်ပါသည်။ 'ကျေးဇူးတော်'ဟူ၍ သတ်မှတ်သည့် အရာ ၌ တစ်ဦးနှင့် တစ်ဦး တူညီမှု မရှိနိုင်ပါ။ လူတစ်ဦးအတွက် အချိန်ကာလ တစ်ခု၌ အခြေအနေတစ်ခုသည် ကျေးဇူးတော်ဟု ခံယူနေချိန်၌ အခြားတစ်ဦးအတွက် ထို အခြေအနေသည် ဆိုးဝါးခက်ခဲသော အခြေအနေ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်အား တရားမျှတစွာ တောင်းဆိုခြင်းဖြင့် ဆက်ဆံရန် လိုသည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ ခြောက်သွေ့စွာ ဘုရားကျောင်း တက်နိုင်ရေး အတွက် မိုးမရွာ ပါစေနှင့်ဟု ဆုတောင်းနေချိန်တွင် မိုးကို မျှော်လင့် စောင့်စား နေရ သော တောင်သူ လယ်သမားများအတွက်ကား အဘယ်သို့ ရှိမည်နည်း။ ထို့ကြောင့် ဘုရားသခင်သည် သဘာဝ တရားကို ပိုင်စိုး၍ အစဉ်သဖြင့် ပဲ့ပြင်ကာ ကျွန်ုပ်တို့ အတွက် ကောင်း သောအမှုကို နေ့စဉ် ပြုနေကြောင်းကို သတိရပါ။ အလိုတော်ရှိရာ လမ်းထဲ၌သာ ကျေနပ်ပျော်ရွှင်စွာ အသက်ရှင်နိုင်မှု သည်သာ အသက်တာအတွက် အကောင်းဆုံး လမ်းစ တစ်ခု ဖြစ်ကြောင်းကို ဝေမျှရင်း ....။ ။ *ကိုမေတ္တာ (သင်းအုပ်ဆရာ)*

---

**ရင်ဖွင့်ပြောကြားသခင့်စကားသို့** Samuel Soe Lwin

'သခင့်စကား'စာစောင် ပျိုးခင်းလေးကို ရှစ်နှစ်တိုင်တိုင် လမ်းပြ ပို့ဆောင်ကောင်းကြီး ပေးနေတဲ့ ထာဝရဘုရားသခင်ရဲ့ နာမတော် သာ၍ ဘုန်းကြီးခြင်း ရှိပါစေသော်။ "စာပေ မြင့်မှ လူမျိုး မြင့်မည်" လို့ လောကီဆောင်ပုဒ်ပင် ရှိပါ၏။ နောက်တဖန် "ဓါးသွားထက် ကလောင်သွားထက်" ဆိုသော စာပေ၏ အရေးပါမှုကို ကဏ္ဍ တစ်နေရာမှ ဖြည့်ဆည်းပေးရန် ဆန္ဒရှိ၍ အသုံးတော်ခံနေသူ 'သခင့်စကား အယ်ဒီတာ'ကို ဂုဏ်ပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ထိုနည်းတူစွာ သခင့်မျက်နှာတော် ကိုသာ ကြည့်ပြီး အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အစေခံနေကြတဲ့ သခင့်စကား ဝိုင်းတော်သားများကို ဘုရားရှင်ကောင်းကြီး ချပေးပါစေ။

၁ကော ၃း၆–၇ တွင် စိုက်ပျိုးသောသူ၊ ကြီးထွားစေသောသူဟူ၍ ကဏ္ဍ အသီးသီး ကို ဖော်ပြထားပါ၏။ အချုပ်အားဖြင့်ဆိုရပါက ကြီးထွားစေသော အရှင်ဘုရားသခင် သည် အချုပ်အချာပင် ဖြစ်လေသည်။ အထက်ပါ ကျမ်းစကားအရ "ဘုရားကူမှ ဖြစ်ထွန်းရ" ဆိုသည့် သဘောကို ဆောင်နေပါသည်။ ဤနေရာတွင် စာရေးသူနှင့် 'သခင့်စကား'အကြားရှိ ခံစားမှုများကို ဝေမျှပါရစေ။

*၁)ဝေဒနာနှင့်ကျွန်တော်။* စာရေးသူ ယုံကြည်သူ ဖြစ်လာတော့ အကျင့်တစ်ခုက ပြောင်းလဲ မသွားခဲ့ပါဘူး။ 'နေမြင့်လေ အရူးရင့်လေ' ဆိုသလို (ခရစ်တော်၌ လူသစ် ဖြစ်လာပေမဲ့ ခွင်းချက်ထင်ပါရဲ့) ဖြစ်တည်နေတာက စာရေးခြင်း စာဖတ်ခြင်း ပါဘဲ။ ပြည်ပမှာ 'မာစတာ' ဆက်တက်ဖို့ ဆုံးဖြတ်လိုက်ချိန်မှာ ပညာရေး အတွက် အဟန့်အတားဖြစ်မယ်ထင်ပြီး စာပေနဲ့ ပါတ်သက်တဲ့ လိပ်စာ တွေကို ရှေးဘိုးဘေးတို့ဖောင် ဖျက်နည်းအတိုင်း ကိစ္စတုံး ရှင်းပစ်လိုက်ပါတယ်။ ဒီလိုနဲ့ လေးနှစ်တာ စီမံကိန်းရဲ့ ဦးဆုံးနှစ်မှာဘဲ ဝါသနာက ရောဂါ သဖွယ် ရင်ထဲမှာ ကိုက်ခဲနာကျင်စေပါတယ်။ နှစ်လ သုံးလ အောင့်ပြီး ဆုတောင်းခြင်းဖြင့် ကုစားပေမဲ့ ဝေဒနာက သာ၍ ဆိုးရွားလာပြီး နေမထိ ထိုင်မသာ ဖြစ်လာပါတယ်။ စာရေးပြီး မြန်မာပြည်ကို စာမူ ပို့ရန်ကလဲ မဂ္ဂဇင်းလိပ်စာတွေ ယူမလာတော့ စာရေးဖို့က မဖြစ်၊ ငြိမ်နေရန်ကလဲ အခက်နဲ့ အလွန် ခဲယဉ်းလှပါတယ်။ စိတ်ပညာ သဘောအရ စာရေးသူရဲ့ စရိုက်က Melancholy လို လူစားမျိုးပါ။ ဝါသနာ ဆိုတာက အတားအဆီး ရှိချိန်မှာ ပိုပြီးတော့ နိုးကြားလာပါတယ်။ အတန်းဖော်တွေက ကျောင်းရဲ့ မိတ်သဟာယမှာ လစဉ်စာစောင်အတွက် တာဝန်ယူကြရန် ဝိုင်းပြောကြတော့ တာဝန်ယူလိုက်ပါတယ်။ မိတ်သဟာယ စာစောင်က တခြား တိုင်းရင်းသားလိုဖြစ်ပေမဲ့ စာရေးသူရဲ့ စာမျက်နှာကတော့ မြန်မာလိုရေးပြီး ရသေ့ စိတ်ဖြေလိုက်ပေမဲ့ ဝေဒနာက သက်သာခြင်းမရှိ၊ ဆွပေးသလို ဖြစ်ပြီး သာ၍ ဆိုးဝါးခဲ့ပါတယ်။

*၂) နှစ်သိမ့်ကုစားသခင့်စကား။* တစ်နေ့ အင်တာနက် ဂိုဂယ်စာချ်မှာ Myanmar Bible ဆိုပြီး ရိုက်ထည့်လိုက်တော့ ထွက်လာတဲ့ မြန်မာ Bible.com နှင့် Myanmar Bible net မှာ 'သခင့်စကား'စာစောင် ကို စတွေ့ဖြစ်ပြီး ဖတ်ရှုမိရာမှ အိမ်အလွမ်း၊ စာအလွမ်း၊ ဝါသနာအလွမ်း စတဲ့ အလွမ်းရောဂါတွေဟာ ပိန်းကြာဖက်မှာ ရေ မတင်သလို ကင်းလွတ် ချမ်းသာခွင့် ရခဲ့ပါတယ်။ ဒါက ၂၀၀၄ ရဲ့ ၈လ ပိုင်းမှာပါ။ နောက် သူငယ်ချင်းတွေထံ အဆင့်ဆင့်သခင့်စကားကို လွှဲပို့ခဲ့ပြီး Web ownner ထံမှာ ပါဝင်ခွင့် တောင်းတော့ ဆိုက်ဆိုက်မြိုက်မြိုက်မင်းအောင်သက်လွင်နှင့် သုံးလကြာမှာ ထိတွေ့ခွင့်ရပြီး သခင့်စကားမှ ခံစားရကောင်းကြီး များကို ရေတွက်ခွင့် ရခဲ့ပါတယ်။ (သုံးလကြာမှ ဆက်သွယ်ခွင့် ရခဲ့ခြင်းဟာ အခြားကိစ္စတစ်ခုကြောင့် ဖြစ်တယ်လို့ ၂၅–၆–၀၉ မှ သူက ပြန်ပြောပြခဲ့ပါတယ်။) တိုင်းတပါးမှာပညာသင်ကြားနေစဉ် ကာလမှာ သခင့်စကားက စာရေးသူတစ်ယောက်တည်းကိုသာ သက်သာခြင်းအဖြစ် ကုစားပေးခဲ့တာ မဟုတ်ဘဲ အခြားအခြား စာရေးသူရဲ့ မိတ်ဆွေ သူငယ်ချင်းတွေကလဲ ဖတ်ရှုကာ ခွန်အားယူကြပါတယ်။ တစ်ခါတစ်ရံမှ စာတိုက်မှ ရောက်လာတဲ့ သခင့်စကား မိတ္တူ စာရွက်လေးဟာ စာရေးသူထံ ရောက်လာပေမဲ့ အဆောင်ခန်းထဲမှ အတူနေ အခြား မြန်မာတိုင်းရင်းသား သူငယ်ချင်းတွေက ဝိုင်းဝန်းလုယက် ဖတ်ယူကြလို့ ကိုယ် ဖတ်ရမဲ့အလှည့်ကိုသာ စိတ်ရှည်ရှည်ထားပြီး စောင့်ဖတ်ရပါတယ်။ ထိုအချိန်က မိတ္တူ ကူးပြီးတဆင့် ဝေမျှချင်ပေမဲ့ အခွင့် မသာခဲ့ပါဘူး။

*၃)သွန်သင်ညွှန်ကြားသခင့်စကား။* သခင်ဘုရားရဲ့ ဘုန်းတော်ထင်ရှားပေါ်လွင်အောင် စာရေးသူရဲ့ ဘဝ တစိတ်တပိုင်းကို ဖော်ပြလိုတာက အောက်ပါအတိုင်းပါဘဲ။ ပြည်ပရဲ့ အခက်အခဲကို ပြည်ပ ရောက်ဖူးတဲ့ သူတိုင်း သိကြမှာပါ။ စာရေးသူ ဓမ္မပညာ သင်ယူရန် ပြည်ပ သွားခဲ့ပေမဲ့ မသွားခင် ရွှေမှော်မှာ အလုပ်လုပ်လို့ ရတဲ့ လခငွေနဲ့ သွားခဲ့တာပါ။ ကျောင်းရောက်တော့ အခက်အခဲ အများကြီးတွေ့ရပါတယ်။ လစဉ်ရောက်လာတဲ့ သခင့်စကားမှ ခွန်အားပေးချက်၊ သက်သေခံချက်တွေက စာရေးသူအတွက် ဗီတာမင် အေ မှ ဇက် အထိ အမျိုးစုံ ပါဝင်နေတဲ့အတွက် သခင့်စကားဟာ စွယ်စုံရ ဣစ္ဆာသယ 'ဆေး' ဖြစ်ခဲ့ပါတယ်။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို ဘုရားရဲ့ စကားတော်အတိုင်း ဓမ္မပညာ သင်ယူနေစဉ်မှာ ဘုရားရှင်ကလဲ သခင့်ကတိတော်နှင့်အညီ သခင့်စကား တော်များကို ကြားနာစေရပြီး ကြုံတွေ့ရသော အရာခပ်သိမ်းတို့အား၊ အောင်မြင်ခြင်း အခွင့်ရရှိစေခဲ့ပါတယ်။ စာရေးသူရဲ့ ဓမ္မပညာရေးကို လေးနှစ် တိုင်တိုင် ကောင်းမွန်စွာ ပြီးစီးစေခဲ့ရခြင်းက ကြားနာရတဲ့ စကားတော်များကြောင့်သာ ဖြစ်ပါတယ်။

*၄)အစွန့်ရှည်စေ၊တောင်းဆုခြွေ။* ဆရာအောင်သက်က သခင့်စကားရဲ့ ရှစ်နှစ်ပြည့် အတွက် စာမူရေးပေးပါလို့ လာပြောတော့ ဝမ်းသာ ဝမ်းနည်းဖြစ်မိပါတယ်။ ဝမ်းသာခြင်းက 'ဘုရားသခင်ရဲ့ လမ်းဖွင့်ပေးမှု'၊ ဝမ်းနည်းခြင်းက 'အစေခံခြင်းငှာ မထိုက်တန်' ဆိုတတဲ့ ဝိရောဓိ များပါဘဲ။ မည်သို့ပင် ရှိစေတော့ သြဝါဒနှင့် ယှဉ်သော သခင့်စကားတော်တို့သည် ယုံကြည်သူတို့ အတွက် အသက်သွေးကြော သာသနာ၏ အသက်သွေးကြော ဖြစ်သောကြောင့် ကိုယ်တွေ့ကို ဖြတ်၊ ညှပ်၊ ကပ် ပြီး ရေးရမည်က 'တို့အရေး'ပေမို့ ဆုတောင်းခြင်းဖြင့် ဝေမျှ ရေးသားလိုက်ပါပြီ။ 'မြုံသော ဝမ်း'ထက် 'သားဖွားသော ဝမ်း'သည် မင်္ဂလာရှိ၏။ 'သားဖွားသော ဝမ်း'ထက် 'ထိန်းကျောင်းပေးသော လက်'သည် အဆများစွာ မင်္ဂလာရှိ၏ဟု စာရေးသူ၊ ဆန္ဒနှင့် အညီ မြုံခြင်းကင်းသော သခင့်စကား၊ ဖွားသေ အဖြစ်မှ ကင်းသော သခင့်စကား သည် ရှစ်နှစ်ဟူသော အသက် ရလာသည့်တိုင်အောင် ကြီးထွားရှင်သန်ခွင့် ပေးသော ဘုရားရှင်အားလည်းကောင်း၊ ကျေးဇူးတော်ချီးမွမ်းရင်း စိုက်ပျိုးရန် အသုံးတော်ခံသော မင်းအောင်သက်လွင် နှင့် ရေလောင်းပေါင်းသင် ကြသော ရေးဖော် ရေးဖက် စာရေးသူ၊ ဆရာ၊ ဆရာမများ အားလုံးရဲ့ အစေခံ စိတ်ဓါတ်ကြောင့် သီးပွင့် ဖြစ်ထွန်း

နေသော အကျိုးကျေးဇူးတရားတို့သည် သခင့်၏ နေ့ရက်တိုင် တည်ရှိ ရှင်သန်စေရန် ဆန္ဒပြု တောင်းဆုခြွေရင်း...။ ။ နာမတော်မြတ်၌ **Samuel Soe Lwin**

---



### သူရဲကောင်း (ခရစ်ယာန်သတို့သမီး)

ကျွန်တော့် သမီးလေးနာမည်က Jewel ပါ။ ကျွန်တော့်ရဲ့ သမီး ရတနာလေး မို့လို့ Jewel လို့နာမည်ပေးထားတာပါ။ သမီးလေး ကျွန်တော်တို့ မိသားစုထဲ စဝင်လာတဲ့ နှစ်တွေက အရမ်းပျော်ဖို့ကောင်းတယ်။ သမီးလေးရဲ့ အနာဂတ်နဲ့ မျှော်လင့်ချက် တွေနဲ့ပေါ့။ ဒါပေမယ့် ကျွန်တော်တို့ မိသားစုရဲ့ မျှော်လင့်ချက်တွေ တစ်နေ့မှာ ရိုက်ချိုး ခံလိုက်ရတယ်။ သမီးလေး အသက် ၂နှစ်မှာ သွေးကင်ဆာ ခံစားရရှာတယ်။ ကျွန်တော့်လို အသက် ၃၇နှစ်အရွယ် အိုဖော်ဝင်စမှာ မဖြစ်ပဲ အခုမှ လူ့လောကထဲ ရောက်ခါစ လူမမယ် ၂နှစ်အရွယ် ကျွန်တော့် သမီးလေးမှာမှ ဒီရောဂါဆိုး ဖြစ်ရတယ်လို့ဗျာ။ ဒါပေမယ့် သမီးလေးက ကျွန်တော့်ရဲ့ သူရဲကောင်းမလေးပဲ။ သမီးလေး ကီမို အသွင်းရလို့ ဆံပင်တွေလည်း ကျွတ်ကုန်တယ်။ ဆေး အရှိန်တွေကြောင့် မကြာခဏ နေထိုင်မကောင်းရှာဘူး။ ဒါပေမယ့် သမီးလေး ကြံ့ကြံ့ ခံနိုင်ရှာတယ်။ ကျွန်တော် တွေ့ဖူးတဲ့ လူကြီးတွေတောင် သမီးလေးလောက် ခံနိုင်ရည် မရှိကြဘူး။ သမီးလေးကို ကုတဲ့ ဆရာဝန်ကြီးကို မေးကြည့်တော့ လူကြီးတွေ က ကလေးတွေလောက် စိတ်ဓာတ် မကြံ့ခိုင်လို့တဲ့။

ကျွန်တော့်မှာ ၆နှစ်အရွယ် သားလေးတစ်ယောက်လဲရှိပါတယ်။ Jewel လေးရဲ့ အစ်ကို Rockey ပါ။ သားယောကျ်ားလေးကို ကျောက်တုံးလို ခိုင်မာရအောင် ဒီနာမည် မှည့်ထားတာပါ။ သားလေးကတော့ နေမကောင်းတာတို့၊ သေတာ တို့ကို ကရုမစိုက်ဘူးလေ။ ကစားမယ်၊ ငါးမျှားမယ်ဆိုတဲ့ ကလေးအတွေး နဲ့ပေါ့။ တစ်ရက် သားလေးကို ကျောင်းကြိုပြီး အပြန်မှာပါ။ ကျွန်တော် ကားမောင်း နေတယ်။ ကျွန်တော့် ဘေးနားက ရှေ့ခုံမှာ Rockey လေးထိုင်နေပါတယ်။ ကျွန်တော် သားလေး ကို ရိုးတွင်းခြင်ဆီ အစားထိုးတဲ့ အကြောင်း ပြောပြလိုက် တယ်။ အကယ်၍ သားသာ ပေးခဲ့မယ်ဆိုရင် ညီမလေးရဲ့ အသက်ကို ကယ်နိုင်မယ်လို့။ သား တစ်ယောက်တည်းဘဲ ညီမလေးရဲ့ ခြင်ဆီနဲ့ တူနေတာလို့။ ကျွန်တော့်သားလေးက ကျွန်တော့်ကို မေးတယ် “နာလား Daddy ” (ကျွန်တော့်သားလေး ကျွန်တော့်ကို မေးနေတဲ့ အချိန်မှာ သူ ကျွန်တော့်ကို ကြည့်မနေ ဘူး။ အပြင်ကို ငေးကြည့်နေတယ်။) “နာတာပေါ့ သားရယ်” “အများကြီး နာလား” “နဲနဲပါးပါး လောက်ပါ”“ကျွန်တော် အနာ မခံချင်ဘူး Daddy” ကျွန်တော်တို့ တိတ်ဆိတ်စွာပဲ ဟိုင်းဝေး လမ်းကို ဖြတ်မောင်းနေတယ်။ ခနနေတော့ “ကျွန်တော်ပေး ပါ့မယ်”လို့ Rockey လေး တည်တည် ငြိမ်ငြိမ်နဲ့ ပြန်ပြောလိုက်တယ်။ “ကျွန်တော့် ညီမလေးအတွက် သေရဲပါတယ်။ သေ နိုင်ပါတယ်။”

ကျွန်တော့် ဘဝမှာ တစ်ခါမှ မခံစားဘူးတဲ့ ခံစားချက်ကြီး ခံစားလိုက်ရတယ်။ ကျွန်တော် မျက်ရည်ကျမိတယ်။ ဒါပေမယ့် ကျွန်တော့် မျက်ရည်က ဝမ်းနည်းလို့ ကျတဲ့ မျက်ရည် မဟုတ်ပါဘူး။ Rockey နဲ့ Jewel ရိုးတွင်းခြင်ဆီ လဲမယ့် နေ့မှာ ကျွန်တော်ပိုပြီး ခံစားခဲ့ရတယ်။ Rockey လေးရဲ့ ဆီက သွေးတွေ ယူပြီးတဲ့အခါ သားလေးက ဆရာဝန်ကြီးကို မေးလိုက်တယ်။ “ကျွန်တော် သေတော့မှာ လားဟင်” တဲ့။ တကယ်တော့ သားလေးက ကလေးအတွေးနဲ့ သူ့ ခန္ဓာကိုယ်ထဲက သွေးတွေ ထုတ် လိုက်ရင် သူ့ဆီက သွေးတွေ ကုန်သွားပြီး သူသေသွားမယ်လို့ ထင်ခဲ့တာပါ။ သူ သေမယ်လို့ ထင်ပေမယ့်လည်း သူ့ညီမလေးရဲ့ အသက်ကို ကယ်ခဲ့တယ်။ ကျွန်တော် မျက်ရည် ထပ်ဝဲမိတယ်။ ကျွန်တော့်ဘဝမှာ နောက်ထပ် သူရဲကောင်း တစ်ယောက် ထပ်တိုးလာပါတယ်။ ။ (စာကြွင်း – ဒီကနေ့ လောကကြီးမှာ ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာ နည်းပါးလာကြပါပြီ။ ဒီ ဇာတ်လမ်းလေး အားဖြင့် ကိုယ့်ကိုယ်ကို ပြန်လည် သုံးသပ်ကြည့်ရအောင်။)

---

### စင်ကာပူမှ ငိုရှိုက်ချီးမွမ်းသံ (မင်းဟံသာ)



(သုတ္တံ ၃း၅) ဤသခင့်စကား စာစောင်မှာ သခင်ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ခြင်းနှင့် ပတ်သက်ပြီး ဝေမျှခွင့် ပေးသည့် အတွက် ရှေးဦးစွာ အဘ ဘုရား သခင်ရဲ့ ကျေးဇူး တော်ကို အထူးချီးမွမ်း ပါတယ်။ ဤဝေမျှချက်ကို ၁၉၉၄ ခုနှစ်၌ စင်္ကာပူ မြန်မာ မိတ်သဟာယအဖွဲ့ (ယခု JBCS) ၏လူငယ် အစည်း အဝေး၌ သက်သေ ခံပြီးခဲ့ကြောင်း ပဏာမ ရေးသားပါ ရစေ။ ကျွန်တော် ဝေမျှမည့် အကြောင်းမှာ လွန်ခဲ့သော ၁၅နှစ်၌ စင်္ကာပူ နိုင်ငံတွင် အလုပ် လာရှာရင်း ငိုရှိုက်ရပြီး နောက် နာမတော်ကို မည်ကဲ့သို့ ချီးမွမ်းခဲ့သည့် လူတစ်ယောက်၏ ဖြစ်ရပ်မှန် ဇာတ်လမ်း အကြောင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အကြောင်း ကို အနည်းငယ် ပြောပြလိုပါသည်။ ကြွားဝါလို သော ဆန္ဒလုံးဝမပါ၊ ကျွန်တော့် အကြောင်းကို သိထား မှသာ ဘုရားရှင် တွေ့ကြုံ စေခဲ့သော အကြောင်းအရာ (ချောင် ပိတ်မိ၍ လမ်းဆုံးသို့ ရောက်ခဲ့ရသည့် အခက် အခဲ ပြဿနာ) ဖြစ်သည့် ကျွန်တော်၏ ငိုရှိုက်သံမှ တစ်ဆက် တည်း ချီးမွမ်းသံကို ပိုမို၍ ခံစား တတ်မည်ဟု ထင်မြင်မိပါသည်။

ကျွန်တော်သည် ရန်ကုန် ဝိဇ္ဇာ–သိပ္ပံ တက္ကသိုလ်မှ ၁၉၆၆ ခုနှစ်တွင် B.Sc (physics) ဖြင့် ဘွဲ့ရခဲ့ပြီး M.Sc Final part 1 တွင် ဆက်လက် ပညာ ဆည်းပူး နေစဉ် ၁၉၆၈ ခုနှစ်တွင် နိုင်ငံတော်၏ ပညာရေး အစီအစဉ် တစ်ခုဖြစ်သော ကိုလံဘို စီမံကိန်း ပညာသင်ဆုကို ရေးဖြေ၊ လူတွေ့စာမေးပွဲ ပထမ အဆင့်ဖြင့် အောင်မြင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဟန်တက္ကသိုလ်တွင် M.Sc information and System Engineering ဘွဲ့သင်ယူရန် စေလွှတ်ခြင်း ခံခဲ့ရပါသည်။ မြန်မာနိုင်ငံနှင့် အင်္ဂလန်နိုင်ငံ ပညာရေးစနစ် လွန်စွာ ကြီးမား ကွာဟမှုကြောင့် ၂–၃နှစ်တာမျှ သင်ကြားရမည့် M.Sc ဘွဲ့ကို တစ်နှစ်အတွင်း (ရေးဖြေ+ကျမ်းပြု) ပြီးစီးရန် ကျွန်တော့်အား ညွှန်ကြားပြီး နောက် တစ်နှစ်တွင် လေကြောင်းသိပ္ပံတွင် လေကြောင်း ဆက်သွယ်ရေး ပညာရပ်များ သင်ကြားရန် ကြိုတင် အစီအစဉ် ချမှတ်ခြင်းခံရပါသည်။ ဘာမင်ဟန် တက္ကသိုလ်တွင် တစ်နှစ်တာမျှ ပညာ သင်ကြားစဉ် ကျမ်းပြုခြင်း အောင်မြင် ပြီးဆုံးသော်လည်း ရေးဖြေတွင် မဟာသိပ္ပံ အင်ဂျင်နီယာဘွဲ့အတွက် အဆင့် မမှီဟု အကြောင်းပြန်ပြီး လန်ဒန်မြို့မှ မိုင်(၇၀) မျှဝေးသော Bletchley မြို့ရှိ Civil Aviation Training Establishment လေကြောင်းသိပ္ပံတွင် အဆင့်မြင့် အီလက်ထရောနစ် ပညာ၊ လေကြောင်း ဆက်သွယ်ရေးနှင့် ပျံသန်းမှု အထောက်အကူပြု စက်ပိုင်းဆိုင်ရာ စာတွေ့၊ လက်တွေ့သင်တန်းများ Radar, Instrument Landing System, Distance Measuring Equipment, VOR, etc) ကို အင်္ဂလန်နှင့် နိုင်ငံ အသီးသီးမှ အကြီးတန်း လေကြောင်း ဆက်သွယ်ရေး အင်ဂျင်နီယာများနှင့် အတူ တက်ရောက် သင်ကြားခဲ့ရာ အဆင့်မြင့်မြင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ (လန်ဒန်မြို့မှ နောင်တ မျက်ရည် ခေါင်းစဉ်ဖြင့် နောက်လတွင် ဝေမျှပါဦးမည်)

သင်တန်းများ တက်နေစဉ်အတွင်း အင်္ဂလန်၊ စကော့တလန်၊ ဝေလပြည်နယ်၊ အိုင်ယာလန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးများသို့ တက်ရောက်ခဲ့သော လေကြောင်း ဆက်သွယ်ရေးနှင့် ပျံသန်းမှု အထောက်အကူပြု စက်များကို အင်္ဂလန် အင်ဂျင်နီယာများ လက်တွေ့ ပြင်ဆင်ထိန်းသိမ်းမှုကို သွားရောက် လေ့လာခွင့် ရခဲ့ပါသည်။ ဤကဲ့သို့ ၁၉၆၉ မှ ၁၉၇၂ခုနှစ်ထိ (၂)နှစ်ကျော်မျှ ပညာများကို ဆည်းပူးပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသောအခါ လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (လေကြောင်းဦးစီး) ဇဟို အသံဖမ်း ရုံ၊ မင်္ဂလာဒုံ လေဆိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

တဖန် ၁၉၈၅ခုနှစ်တွင် အဆင့်မြင့်ကွန်ပြူတာ အခြေခံသော အလိုအလျောက် ကြေးနန်းဆက် ပို့စက် Automatic Message Switching System နှင့် ကွန်ပြူတာ ပညာရပ်များကို ဗန်ကောက်ရှိ Aerothai, အင်္ဂလန်နိုင်ငံ Chelmsford မြို့ရှိ မာကိုနီကောလိပ်၊ လန်ဒန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မျှော်စင် အဆောက် အဦး၊ ဇဟိုဆက်သွယ်ရေး ခန်းမ တို့တွင် ၄လ တာမျှ စာတွေ့လက်တွေ့ တက်ရောက် သင်ကြားပြီး၊ မြန်မာနိုင်ငံ မင်္ဂလာဒုံ လေဆိပ်၊ ဇဟို အသံဖမ်းရုံတွင် ကမ္ဘာ့ အဆင့်မှီ ကွန်ပြူတာ အခြေခံသော အလို အလျောက်ကြေးနန်းဆက်ပို့စက်ကို အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ ICAO နှင့် မာကိုနီမှ အင်ဂျင်နီယာများနှင့်အတူ တပ်ဆင် အသုံးပြုခဲ့ရာ မြန်မာနိုင်ငံ၏ လေကြောင်း ဆက်သွယ်ရေး ကဏ္ဍ စာမျက်နှာအသစ် ဖွင့်လှစ်နိုင်ခဲ့ ပါသည်။

၁၉၉၂ခုနှစ်တွင် လေကြောင်းဦးစီးဌာန ဆက်သွယ်ရေး အရာရှိ ရာထူးမှ နုတ်ထွက်၍ ICAO/UNDP အထောက်အပံ့ဖြင့် တည်ထောင်လျှက်ရှိသော Civil Aviation Training College–CATC (နောင် လေကြောင်း သိပ္ပံဟု အမည်တွင်) Project တွင် Communication Operation Advisor အဖြစ် တစ်နှစ်တာမျှ ပြောင်းလဲတာဝန် ထမ်းဆောင် ခဲ့၍ ၁၉၉၃ ခုနှစ်တွင် ICAO မှ CATC Project ပြီးစီး၍ လေကြောင်း သိပ္ပံကျောင်းအဖြစ် လေကြောင်းဦးစီး အုပ်ချုပ်မှု အောက်သို့ အပြီးအပိုင် လွှဲပြောင်းပေးခဲ့ပါသည်။ ကျွန်တော်၏ အလုပ်တာဝန်များမှာ လေကြောင်း ဦးစီးမှ Radio Operators များကိုလည်းကောင်း၊ လူသစ်များကိုလည်းကောင်း၊ ကြေးနန်းဖမ်း၊ ပို့ခြင်းနှင့် အလိုအလျောက် ကြေးနန်း ဆက်ပို့စက် အကြောင်း တို့ကို အခြေခံမှစပြီး နောက်ဆုံး အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်း အဖွဲ့၏ ကြေးနန်းဆက်သွယ်ရေး ဆိုင်ရာ မူဝါဒ၊ ဥပဒေသများ ပါမကျန် ပို့ချခဲ့ရပါသည်။

၁၉၉၄ နှစ်လယ်၌ နိုင်ငံခြားသင်္ဘောများတွင် Radio Officer (R/O) အဖြစ် အမေရိကန်ဒေါ်လာ လစာ ကောင်းကောင်းဖြင့် တာဝန် ထမ်းဆောင် နေကြသော တပည့်များ၏ တိုက်တွန်းမှုကြောင့် သင်္ဘောသား Four Ticket ရရန် ရေကြောင်းသိပ္ပံတွင် သင်တန်းတက်ပြီး Seaman Passport ဖြင့် နိုင်ငံခြားသို့

(R/O) အလုပ်လုပ်ရန် ပထမဦးစွာ ဗန်ကောက်မြို့ သို့ ခရီးထွက်ခဲ့သည်။ ကျွန်တော် ယခု ကဲ့သို့ ခရီးမထွက်မီကာလ ပြင်ဆင်ချိန်မှစပြီး နေ့စဉ် ကျမ်းစာဖတ်၊ ဆုတောင်းပြီး ကိုယ်တော်ရှင်ထံမှ ခွန်အားယူခဲ့ ပါသည်။ တတ်နိုင် လွန်းလို့ နိုင်ငံခြားထွက် အလုပ် ရှာတာမဟုတ်၊ မြန်မာပြည်မှ ထွက်လာကာစ၌ လက်ထဲတွင် US$100 တောင် မပြည့်ပါ။ ယုံကြည်ခြင်းအပြည့်နဲ့ ဆုတောင်း ဆက်ကပ် ထွက်လာတာ ဗန်ကောက်သို့ ရောက်ပြီး တစ်ပတ်အတွင်း ချစ်သော မိတ်ဆွေများ ထံမှ ငွေရေးကြေးရေး အကူ အညီများ US$3000 ရ၍ ကိုယ်တော် ရှင်ကို ကျေးဇူးတင် ချီးမွမ်းခဲ့ရပါသည်။ (အခွင့် သင့်လျှင် ဗန်ကောက်မြို့မှ သက်စမ်းရေ ခေါင်းစဉ်ဖြင့် ဝေမျှပါမည်။) ဗန်ကောက် မြို့တွင် ရောက်စ၌ မိတ်ဆွေ တစ်ယောက် အိမ်မှာ တည်းခိုနေထိုင်သော်လည်း နောင်၌ သင်္ဘော R/O များ နေထိုင်ရာ Oscar Apartment ၌ အခြားမြန်မာနိုင်ငံမှ လာပြီး R/O အလုပ်ရှာ နေသူများ၊ လက်ရှိ သင်္ဘောလိုက်နေသော စီနီယာ R/O များနှင့်အတူ နေထိုင် စားသောက်လျှက် R/O အလုပ် လစ်လပ်သည်ဟု ကြားတိုင်း အပြေးကလေး သွားရောက် interview လုပ်၊ ပြန်လာလိုက်၊ အလုပ်ရှာလိုက်ဖြင့် ဗန်ကောက် ရောက်ပြီး တစ်ပတ်အချိန်တွင် R/O အလုပ်ပိုမို၍ ရှာရန် လွယ်ကူသော စင်္ကာပူ မြို့သို့ လေယာဉ်ဖြင့် ထွက်ခွာ လာပြန်သည်။ စင်္ကာပူ ရောက်စ သူငယ်ချင်း မိတ်ဆွေအိမ်၊ ဆရာမကြီးအိမ်၊ တခြားသူငယ်ချင်းအိမ် စသည်ဖြင့် ရောက်စ ၁၀ရက် အတွင်း ၃အိမ် ပြောင်းလဲ၍ တည်းခိုခဲ့ပါသည်။ နောက်ဆုံး နှစ်ပတ်တွင် (Stay ၁လသာ ရရှိခဲ့) Battery Road နှင့် Upper Paya Lebar Road လမ်းဆုံနား Rochdale Road ရှိ ၂ထပ်တိုက် အိမ် အပေါ်ထပ် တွင် စင်္ကာပူ မြန်မာ မိတ်သဟာယအဖွဲ့ (ယခု JBCS )မှ ဆရာနှင့် လူကြီးများ ဦးစီးလျှက် အလုပ် ရှာရန် မြန်မာ နိုင်ငံမှ လာရောက်သူများ၊ ခိုကိုးရာမဲ့၊ နေထိုင်စရာ၊ စားသောက် စရာမဲ့ အတိ ဒုက္ခ ရောက်နေသူများကို ဘုရားမေတ္တာပြ၍ ကူညီ လျှက်ရှိသည့် နေရာသို့ ပြောင်းရွှေ့ ခဲ့ပါသည်။ (စင်္ကာပူမှ ပရဒိသုဘုံ ခေါင်းစဉ်ဖြင့် ဝေမျှပါ ဦးမည်။)

ယခုလို ဆရာတို့အိမ်သို့ ပြောင်းရွှေ့ပြီး တခြားမိတ်ဆွေများ (အသက်ကြီး ပိုင်း) နှင့်အတူ Shore Job အီလက်ထရောနစ် အင်ဂျင်နီယာ အလုပ်များကို နေ့စဉ် ကျမ်းစာဖတ်၊ ဆုတောင်း၊ သတင်းစာကိုဖတ်ကာ ရှာဖွေလျှက် အချိန်ကုန်လွန် ခဲ့ပါသည်။ SCMF ၏ ဘုရားဝတ်ပြုရာ Thomson Church အောက်ဆုံးထပ် အစည်းအဝေးတွင်လည်း တခြား အလုပ်ရှာသူများ၊ WP/EP စောင့်နေသူများနှင့် အတူ နာမည်ပေး၍ ဆုတောင်းချက် တင်ပြပြီး SCMF ၏ ညီအစ်ကို မောင်နှမများ အားလုံး၏ အားပေးမှု၊ ဆုတောင်းမှုကို ခံယူခဲ့ပါသည်။

Shore Job ကို ရှာဖွေရင်း R/O နှင့် သင်္ဘောအလုပ် ရှာသူများ နေ့စဉ် လာရောက်ပြီး အဆက်အသွယ်ရှာသော နေရာ၊ ဆိုင်၊ Telok Ayer Street ရှိ တရုတ်ကြီးဆိုင်နှင့် China Town ရှိ People’s Park သို့ နေ့တိုင်းလိုလို သွားရောက် စနည်းနာ အလုပ်ရှာခဲ့ရာ၌လည်း လမ်းစ မရရှိခဲ့ပါ။ တဖန် အီလက် ထရောနစ် အင်ဂျင်နီယာ အလုပ်အတွက် Woodland, Mandai, Boonlay, Changi စင်္ကာပူကျွန်း နိုင်ငံ၏ အရှေ့၊ အနောက်၊ မြောက်ဘက် စွန်းပါ မကျန်၊ Bus ကားစီး မြေပုံတစ်ချပ်ဖြင့် သွားလာရသည်မှာ ရှူးဖိနပ်ပါ ပေါက်ရသည့်အထိ (ငွေကုန် သက်သာ စေရန် လမ်းလျှောက် ရသည့် အကြိမ်လည်း မနည်းလှ) ပင်ပန်းကြီးစွာ နှဖူးက ချွေးကို သပ်ရင်း အလုပ် ရှာဖွေ ရသည်မှာ မငိုရုံတမယ် ခံစားရပါသည်။ ကိုယ်တော်ရယ် ကိုယ်တော့် သားရဲ့ ဒုက္ခကို ရှုလည့်ပါဦး။ လောကပညာ၊ အရည် အချင်း ပညာတွေ၊ အတွေ့အကြုံတွေ အမြောက် အများရှိပြီး အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသား ပြောဆိုနိုင်သော်လည်း (အင်္ဂလန်မှာ ၂နှစ်ကျော် နေရ သည့်အကျိုး) အလုပ်ရှာမရခဲ့တဲ့ ကိုယ်တော့်ရဲ့သားကို ဒီလိုပဲ ပစ်ထားတော့ မှာလားလို့ လားပေါင်း များစွာဖြင့် မေးခွန်းထုတ်ခဲ့ပါသည်။ အီလက်ထရောနစ် အင်ဂျင် နီယာ အလုပ်များအတွက် interview ခံရပြီး အရည် အချင်းကို လွန်စွာ သဘော ကျသော်လည်း အသက်ကြီးပြီ ဖြစ်၍ (၅၀နှစ်) အကြောင်း ပြလျှက် ပယ်ချခြင်း ခံခဲ့ရပါသည်။ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများရှိ လေကြောင်း သိပ္ပံသို့ Instructor ရာထူးအတွက် လျှောက်ထားစဉ်လည်း နေရာလွတ် မရှိလို့ ဝမ်းနည်း ကြောင်း အကြောင်းပြန်ကြားခံရသည်။ ကျွန်တော်၏ ဘဝမှာ အလုပ်ထွက် ရေထဲ ဆင်း၍လည်း မရ၊ ကုန်းပေါ် Shore Job ရှာလည်း မရ၊ လေပေါ် (လေကြောင်းသိပ္ပံ) တက်၍လည်း ပြန်ပြုတ်ကျလာကာ ဤ လောကတွင် ကျွန်တော့်အတွက် နေရာ မရှိတော့ ပါလားလို့ အထင်ရပြီး Stay ပြည့်ခါနီး စင်္ကာပူမှ ပြန်လည် ထွက်ခွာ ရခါနီးအချိန်၌ စိတ်ဓါတ်မှာ အဝီစိအထိ ဇောက်ထိုး ဆင်းသွားသလို ခံစားရပါသည်။ ပို၍ ခံရခက်သည်မှာ ကျွန်တော့်လို သိပ္ပံဘွဲ့ရ အင်္ဂလန်၊ ယိုးဒယားနိုင်ငံများမှ အဆင့်မြင့် လေကြောင်းဆက်သွယ်ရေး၊ အီလက်ထရောနစ် ပညာတတ် လက်မှတ် အစစ်များနှင့်လူက အလုပ် မရရှိပဲ ဘွဲ့လက်မှတ်၊ အောင်လက်မှတ်၊ အတွေ့အကြုံ လက်မှတ်၊ အတု များနှင့် လူတွေ အလုပ် ရရှိသွားခြင်းပင်ဖြစ်သည်။ ကိုယ်တော် ဘုရားကို စိတ်ဆိုးလေပြီ။ ကျွန်တော့်ကို ဘယ်လို လုပ်လိုက်ပါသလဲ။ အဲဒီအချိန်မှာ ဝမ်းနည်း ပူဆွေးရလွန်းလို့ ကျမ်းစာဖတ်၊ ဆုတောင်းခြင်းပင် အလွန် ကျဲသွားပါသည်။

နောက်ဆုံး Stay ပြည့်၍ စင်္ကာပူမှ ပြန်လည်ထွက်ခွာရမည့် နေ့၌ အင်းစိန်ရှိ ချစ်သော ဇနီးထံ ဖုန်းဆက်အကြောင်းကြားရာ၌ အသံတုန်နေပြီး ငိုသံ မပါ ရလေအောင် ရင်မှာ ချုပ်တည်းပြီး ပြောရသည့်အတွက် ရင်ထဲ၌ အလုံးကြီး ဆို့ဆို့ တက်လာရာ နှလုံးရောဂါသည်ပမာ ရင်ဘတ်မှာအောင့်ပြီး နာကျင်လွန်းလှပါ၏။ ဆရာ သမား မိတ်ဆွေများကို မချိပြုံး ပြုံးလျှက် နှုတ်ဆက်ကာ ကျွန်တော့်ကို မမေ့ ထားဘို့ ဆုတောင်းချက်မှ မပယ်ဖျက်ပဲ ဆက်လက် ဆုတောင်းပေးရန် မေတ္တာ ရပ်ခံ ရင်း စင်္ကာပူနိုင်ငံမှ လက်မြှောက်၊ ကျောပေးကာ ထွက်ခွာလာခဲ့ပြီး ဗန်ကောက် မြို့ရှိ အသိမိတ်ဆွေ အိမ်တွင် နေထိုင် စားသောက်စရိတ်ငြိမ်း တစ်နေ့ ဘတ်၁၀၀ ပေးကာ နားခို နေပါတော့သည်။ ကျွန်တော်၏ ဘဝကိုလည်း ဘယ်သူ့ကိုမှ အသိ မပေးရဲ၊ စကားမပြောချင်၊ တစ်ယောက်တည်းနေကာ၊ ဘုရားကျောင်း မတက်ချင် တော့၊ ဆု မတောင်း၊ ကျမ်းစာ မဖတ်ပဲ ဘဝကို လုံးဝ အမှောင် ချလိုက်ပါတော့သည်။ ကျွန်တော့် ဘဝ ချောင်ပိတ်မိနေပြီး၊ မိတ်ဆွေများထံမှ ခေတ္တ ချေးယူထားသော US $3000 လည်း ကုန်ဖို့ နီးလာတာမို့ R/O အလုပ် Shore Job အလုပ်လည်း မရ၊ မြန်မာပြည် ပြန်ဖို့လည်း ဒီအကြွေးတွေ ဘယ်လို လုပ်ရမလဲ။ အိမ်၊ ခြံ၊ မြေ ရောင်းဆပ်ရန်မှတပါး တခြား နည်းလမ်းမမြင်။ အိမ် မရှိတော့ရင် ဇနီးနှင့်သား ဘယ်လိုနေ ဘယ်လိုစခန်း သွားကြမလဲ။ အို မေးခွန်းပေါင်း များစွာဖြင့် ရင်ထဲမှာ မွန်းကျပ်လွန်းလို့ ကိုယ်တော် ရယ် ကျွန်တော့်ကို ကယ်ပါ၊ ကျွန်တော့်မှာ ခရီးဆက်ရန် လုံးဝ လမ်းစ ပျောက်နေပါပြီ။ ကျွန်တော် ပြစ်မှားမိခဲ့သော အပြစ် ကြီးငယ်ရှိရင် ခွင့်လွှတ် တော်မူပါ။ ကျွန်တော့်ကို ဒဏ်များ ခတ်နေလား။ ကျွန်တော့်ကို ကယ်ပါ ယေရှု ဘုရား၊ ကိုယ်တော်ဟာ လူသား အားလုံးကို ချစ်လွန်းလို့ တစ်ပါးတည်းသော သားတော်ကို စေလွှတ် ကယ်တင်ခဲ့ပါ တယ်။ ကျွန်တော့်ကို ဒီတစ်ခေါက် ကယ်မ ပါလို့ ကိုယ့် အပြစ်များကို (မိမိကိုယ်ပိုင် အရည် အချင်း၊ ပညာ အတွေ့အကြုံ မြောက်များ စွာကို အားကိုးခြင်း) ဝန်ချ တောင်းပန်ပါတယ်။ ကျွန်တော် နားလည်ပါပြီ ကျွန်တော် အားကိုးနေတဲ့ အရည် အချင်း၊ ဘွဲ့လက်မှတ်၊ အောင်လက်မှတ်တွေဟာ စက္ကူတွေ ပါပဲလားလို့ ဘုရား သခင်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ရမယ့်အစား၊ ကိုးစား ရမယ့်အစား ကိုယ့်ဉာဏ် ကို အမှီပြုနေပြီး အားကိုးနေတဲ့အပြစ်ကို ကြီးစွာ နောင်တ ရပြီး ရှိုက်ကြီးတငင် ငိုကြွေးလျှက် ခွင့်လွှတ်ပါရန် တောင်းလျှောက်ခဲ့ပါသည်။ သွားလေ ရာရာ၌ ထာဝရ ဘုရားကို မျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင် တော်မူမည်။ ငါသည် ပညာရှိ၏ လို့ ကိုယ့်ကိုယ်ကို မထင်နဲ့။(သုတ္တံ ၃း၅–၆) ကျမ်းပိုဒ်ကိုလည်း သတိရပြီးနောက် နေ့စဉ် အချိန်ရှိသရွေ့ ကျမ်းစာဖတ်၊ ဆုတောင်း၊ ဘုရားကျောင်း သွား၊ သက်သေခံ ဟောပြောချက်များကို နှလုံးသွင်း နာယူ ခွန်အား ယူကာ လုံးဝ အလုပ် အတွက် မပူ၊ အလုပ်လည်း မရှာတော့ပဲ ငြိမ်ဝပ်စွာ နေလိုက်ပါ တော့သည်။

မောရှေသည် ဣသရေလ လူမျိုးတော်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ပြီး ထွက်လာရာ ထာဝရဘုရားသည် ဖါရောဘုရင်၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့် သူသည် ဣသရေလအမျိုးသားတို့ကို လိုက်လံနှောက်ရှက်လေ၏။(ထွက်–၁၄း၈) မောရှေနှင့် လူမျိုးတော်၏ ရှေ့လမ်းတွင် ဒိုးပင်လယ်ကြီး ကာဆီးနေပြီး နောက်ကျော တွင်လည်း ဖာရောဘုရင်နှင့် သူ၏မြင်းတော်၊ ရထားတော်၊ မြင်းစီးသူရဲ ဗိုလ်ပါများ လိုက်လာကာ၊ ပြေးစရာ လမ်းမရှိ ချောင်ပိတ်မိ နေလေပြီ။ ထိုအချိန်တွင်မှ ဘုရား သခင်ရဲ့ တန်ခိုးတော်ကြောင့် မောရှေသည် ဒိုးပင်လယ်ရေကို ခွဲ၍ (ကြီးစွာသော နိမိတ်လက္ခဏာ) လူမျိုးတော်ကို ဘေးလွတ်ရာသို့ ပင်လယ်ကို ဖြတ်ပြီး ရှုရတောသို့ ဆောင်သွားခဲ့ကြောင်း ကျွန်တော် အမှတ်ရမိကာ ကျွန်တော်လည်း အခု ပြေးစရာ မြေမရှိ၊ သွားစရာ လမ်းမရှိ ချောင်ပိတ်မိနေပြီး နိမိတ်လက္ခဏာ ပြတော်မူပါဟု တောင်းပန် ခဲ့ပါသည်။ ကိုယ်တော်ရှင် ကျွန်တော်၏ တောင်းပန်ချက်၊ ဆုတောင်းချက် ကို အဖြေပေးလေပြီ။ အင်္ဂလန်နိုင်ငံ မာကိုနီ ကုမ္ပဏီမှ အင်ဂျင်နီယာဟောင်း (ရန်ကုန် လေဆိပ်တွင် လေကြောင်းကြေးနန်း ဆက်ပို့စနစ်ကို အတူတကွ တပ်ဆင်ခဲ့သူ) ဗန်ကောက်မြို့သို့ ရောက်ရှိလာပြီး သူတည်းခိုရာ ဟိုတယ်သို့ ခေါ်ယူကာ အလုပ် ရှာမရ ဖြစ်နေသော ကျွန်တော့်အား သူယခု လုပ်ကိုင်လျှက်ရှိသော International Airline Telecommunications and Information Services Co (Airline .Global Network တည်ထောင်ပြီး လေကြောင်းလိုင်းများသို့ Services ပေးလျှက်ရှိသော Non - profit organizationတွင် ရာထူး Vacancy မရှိပဲလျှက် ကျွန်တော်ကဲ့သို့ လေကြောင်း ဆက်သွယ်ရေး၊ အဆင့်မြင့် ကြေးနန်း ဆက်သွယ်ရေး လေကြောင်း Network တွင် အတွေ့အကြုံ အနှစ် ၂၀မျှ ရှိသော လူအတွက် သင့်တော်ရာ အလုပ် စဉ်းစားပေးနိုင်ရန် သူ၏ စင်္ကာပူ regional ရုံးသို့ ကျွန်တော်၏ CV နှင့် ဘွဲ့အောင်လက်မှတ်၊ ဆက်သွယ်ရေး လက်မှတ် တစ်ထပ်ကြီး Copies များ တို့ကို စင်္ကာပူရုံးသို့ Fax ဖြင့် အိတ်စိုက် ကူညီ ပေးပို့ခဲ့ပါသည်။ ၄င်းသည် စင်္ကာပူ

Regional ရုံးမှ ဒုတိယ အကြီးဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ၁၀ရက်မျှကြာသော် ဗန်ကောက်မြို့မှ အကြီးဆုံး အရာရှိက ခေါ်ယူပြီး ၂နာရီ ၃နာရီကြာမျှ စစ်ဆေး မေးမြန်း interview လုပ်ရာ နှစ်ခြိုက် သဖြင့် စင်္ကာပူ Regional ရုံးသို့ ထောက်ခံ တင်ပြခဲ့ပါသည်။ စင်္ကာပူရုံးမှလည်း လေယာဉ်ပျံစရိတ်ကို ၄င်းတို့ အကုန် အကျခံပြီး ကျွန်တော့်အား စင်္ကာပူသို့ ရောက်လာစေပြီး မြန်မာနှင့် တခြား အရှေ့တောင် အာရှနိုင်ငံများကို ကိုင်တွယ် လျှက်ရှိသော ပြင်သစ်လူမျိုး အရာရှိနှင့် Regional ရုံးမှ အကြီးဆုံးပုဂ္ဂိုလ်နှင့် Financial Manager (အားလုံး ပြင်သစ်လူမျိုး)တို့နှင့် interview (တစ်ဦးလျှင် ၂နာရီမျှ) ထိုင်ကာမေးမြန်း စစ်ဆေး ခံခဲ့ရပါသည်။ ကျွန်တော်သည် ယခုလို သေရေး ရှင်ရေး အလုပ်အတွက် ခေါ်ယူပြီး view ခံစားရစဉ် အလွန်မှ တုန်လှုပ် ခြောက်ခြားကာ ဂနာမငြိမ်လှပါ။ အလွန် အရေး ကြီးသည့် အချိန်ဟာ (သေရေး ရှင်ရေး) ဒီအချိန်ပါပဲလား။ ကိုယ်တော်ရယ် ကိုယ့် ဉာဏ်ကို အားမကိုး တော့ပါဘူး၊ ကိုယ်တော် ကျွန်တော့်ရဲ့ နှုတ်၊ လျှာ၊ စိတ်နှလုံးကို အုပ်စိုးတော်မူပါ။ မှန်ကန်သော အဖြေများ၊ လူကြီးတို့ နှစ်ခြိုက် သဘောကျမည့် အဖြေများ ပြောဆိုနိုင် ရန် ကူညီပါ။ အားကိုးပါ၏ ဘုရားလို့ အကြိမ်ကြိမ် ဆုတောင်း ခဲ့ပါသည်။ SCMF မှာလည်း တင်ပြ၊ ဆရာ၊ ဆရာကြီးများ (Dr စံအေး) ထံလည်း ဆုတောင်း ပေးရန် ပြောပြ၊ လက်နက်အစုံ အပြည့်အဝဖြင့် interview များကို ရင်ဆိုင်ခဲ့ရာ အားလုံး အောင်မြင်ခဲ့ပါသည်။ ဟာလေလုယ Praise The Lord!

၄င်းတို့ Co...သည် မြန်မာပြည်တွင် ၁၉၇၀ခုနှစ်မှ စပြီး မြန်မာနိုင်ငံရှိ ပြည်ပ လေကြောင်းလိုင်းများနှင့် မြန်မာ့ လေကြောင်းတို့၏ လေကြောင်း ဆက်သွယ် ရေး ကဏ္ဍကို လုံးဝ အမြတ်မယူပဲ Cost Sharing Basic (စားရိတ်မျှပေး သုံးစွဲရေး) စနစ်ဖြင့် တာဝန်မှု ပေးနေခဲ့ပြီး ယခုအခါ Country Manager ရာထူး လစ်လပ်လျှက်ရှိကြောင်း (ယင်းရာထူးကို ယခင် မန်နေဂျာ အလုပ်မှ အနားယူပြီး ၄နှစ် ခန့်မျှ ပြန်လည် မဖြည့်ဆည်းပဲ ကျွန်တော့် အတွက် ကိုယ်တော်ရှင် ဖယ်ထား ပေးသလိုဖြစ်) မြန်မာနိုင်ငံသို့ ပြန်လည်၍ ၄င်းတို့၏ ကမ္ဘာ့ အဆင့်မီ ဆက် သွယ်ရေးစနစ်များ ပြန်လည်တည်ထောင်ရန် လိုအပ်လျှက်ရှိကြောင်း ထို့ကြောင့် Country Manager ရာထူး (ဒေါ်လာ လစာဖြင့်) ထမ်းဆောင် ရန် မှာကြား၍ အမိ မြန်မာပြည်သို့ ပြန်လည် စေလွှတ်ခဲ့ပါသည်။ အချိုပေါ် သကာ လောင်း လေပြီ။ နဂို ကတည်းက နိုင်ငံခြားမှာ တာဝန် မထမ်းဆောင်လိုသော ကျွန်တော်၊ မိသားစုကို လွမ်းစွာမှ ခုံမင်သော ကျွန်တော်၏ ဆန္ဒ ပြည့်ဝလေပြီ။

ဆရာတစ်ပါး ဟောပြောချက်ကို သွား၍ သတိရမိပါသည်။ ဘုရားသခင် သည် သူ၏ သားသမီးတွေကို ကောင်းကြီး မပေးခင်မှာ အလိုတော်ကို ဝန်ခံတတ်ဖို့ အမြဲ သွန်သင်မှုကို အရင် ပြုတတ်ကြောင်း ထိုနောက်မှ ကောင်းကြီးမင်္ဂလာ လိုက် လာ တတ်ကြောင်း ထိုကောင်းကြီးမျိုးသည်လည်း လူများ မနာလို ဖြစ်ကြရသည် အထိ ကြီးမြတ်သော ကောင်းကြီးမျိုး (မြန်မာပြည်မှာ တာဝန် ထမ်းဆောင်ရသော် လည်း စင်္ကာပူနိုင်ငံမှာ အလုပ်လုပ်သကဲ့သို့ လစာ+CPF ခံစားခွင့်) ပေးတတ်သည် ဆိုသည့် အရာကို ကျွန်တော် ကိုယ်တွေ့ ခံစားခဲ့ရပါသည်။ ယင်းCo..တွင် ၁၉၉၅မှ ၂၀၀၅ခု အသက် (၆၀)နှစ် ပြည့်သည့်တိုင် ပေးအပ်ခဲ့သော Country Manager တာဝန် ဝတ္တရားများကို ကျေပြွန်စွာ အားကျိုးမာန်တက် လုပ်ရင်း ကိုယ်တော်ရှင်၏ အလင်းတော်မြတ်ကိုလည်း အတတ်နိုင်ဆုံး ထွန်းလင်းကာ သက်ပြည့် အနားယူ ခဲ့ပါသည်။ ယခုအခါ စင်္ကာပူသို့ ခေတ္တရောက်နေစဉ် သားသ္မီး မြေး နှစ်ယောက် နှင့်အတူ နေထိုင်လျှက် JBCS တွင်လည်း ရသမျှအချိန်တွင် အတတ်နိုင်ဆုံး ပါဝင် လှုပ်ရှား နေပါသည်။ ဤ သက်သေခံချက်ကို ဖတ်ရှုရသူ အယောက်တိုင်းလည်း ကျွန်တော် ကဲ့သို့ ကိုယ့်ဉာဏ် ကိုယ့်အစွမ်းအစကို အမှီပြုပဲ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစား၍ အသက်တာကို ဆက်ကပ် အသက်ရှင်မှသာလျှင် လူတို့ ကြံစည်၍ မမှီနိုင် သော ငြိမ်သက်ခြင်း ဆုကျေးဇူးကို ကြွယ်ဝစွာ ခံစားရမည် ဖြစ်ပါကြောင်း သက်သေခံ တင်ပြ လိုက်ပါသည်။ ။ ***မင်းဟသ်ာ (အင်းစိန်)***

---



**အားပေးတာလား တားဆီးတာလား** *မင်းအောင်သက်လွင်*

တစ်ခါက တောအုပ်တစ်ခုထဲမှာ ဖားအုပ်စုကြီး တစ်စု အတူတကွ စုပေါင်း နေထိုင် နေကြတယ်။ တစ်နေ့မှာတော့ ဖားအုပ်စုထဲက ဖားကလေး နှစ်ကောင်ဟာ ဆော့ကစားနေရင်းနဲ့ ရေအိုင်တစ်ခုဆီ အလာမှာ လမ်းခုလတ်က တွင်းနက်နက်ကြီး တစ်တွင်းထဲကို မထင်မှတ်ဘဲ ပြုတ်ကျသွားပါတယ်။ တွင်းက စောက်တော်တော် နက်တဲ့အတွက် သူတို့ အရွယ်နဲ့ ပြန်ခုန်ထွက်လို့ မရဘဲ တွင်းထဲမှာ ပိတ်မိနေကြ ပါတယ်။ အဲဒီတော့မှ သူတို့လဲ ကြောက်အားလန့်အားနဲ့ အသံကုန် အော်ဟစ်ပြီး အကူအညီ တောင်းတဲ့ အခါမှာ အော်သံကို ကြားရတဲ့ သူတို့ မိတ်ဆွေ ဖားတွေ အများကြီး တွင်းဝကို ရောက်လာခဲ့ ကြတယ်။ တွင်းဝပေါ်က တခြား မိတ်ဆွေ ဖားတွေကို မြင်လိုက်ရတော့ သူတို့ နှစ်ကောင်လဲ အရမ်း အားတက်သွားပြီး အစွမ်း ကုန် တွင်းပေါ် ရောက်အောင် ခုန်တက် ပါတော့တယ်။ တွင်းဝက ရောက်နေတဲ့ ဖားတွေ ကလဲ အားရပါးရ အော် ဟစ် အားပေးနေကြတာပေါ့။ ဖားတွေက အော်လေ၊ သူတို့က အားတက်လေနဲ့ တွင်း ပေါ် ရောက်အောင် အစွမ်းကုန် ခုန်တက်နေကြ ပါတယ်။ ဖားနှစ်ကောင် အနက် တစ် ကောင်ဟာ ဆက်ပြီး မခုန်နိုင်တော့ဘဲ ခြေကုန် လက်ပန်း ကျပြီး တွင်း အောက်ခြေမှာ အမောဆို့ပြီး လဲကျ သေဆုံးသွားပေမဲ့ နောက် တစ်ကောင်ကတော့ ဇွဲ မလျှော့ဘဲ အားရပါးရ ခုန်တက်တဲ့အခါမှာ ကံအားလျော်စွာ နဲ့ တစ်ချိန်မှာ တွင်းပေါ် ကို ရောက်ရှိသွားပါတယ်။ တွင်းပေါ် ရောက်ပြီး လွတ်လာတဲ့ ဖားက တွင်းပေါ် ကနေ သူ့ကို အော်ဟစ် အားပေးတဲ့ တခြား ဖားတွေကို အခုလို အားပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောတဲ့အခါ၊ တခြား ဖားတွေက သူတို့ဟာ အားပေးတာ မဟုတ်ဘဲ တွင်းက တော်တော်ကြီး နက်တဲ့အတွက် အပင်ပန်းခံပြီး ဆက်မခုန်ဖို့ သက်သက် သာသာနဲ့ တွင်းထဲမှာ သေဖို့ တားဆီး အော်ဟစ် အသိပေးတာ ဖြစ် ကြောင်း ပြောပြကြပါတယ်။ လွတ်လာတဲ့ ဖားက သူ့စိတ်ထဲမှာ ထင်ထားတာက မိတ်ဆွေ တွေက သူ့ကို တားဆီးတာ မဟုတ်ဘဲ အားပေးတာ ထင်လို့ ခွန်အား တက်ပြီး အားရပါးရ ခုန်လို့ အသက်ဘေးက လွတ်လာတာ ဖြစ်ကြောင်း ပြောပြပါ တယ်။ တစ်ခြား ဖားတွေက ငါတို့ ဒီလောက် တအားအော်ပြီး တားဆီးတာကို မင်း မ ကြားဘူးလားလို့ ဝိုင်းပြောတဲ့အခါ အသက်လွတ်လာတဲ့ ဖားက ငါ နား နဲနဲ လေး နေတယ်၊ ဒါ့ကြောင့် မင်းတို့က ငါ့ကို အော်ပြီး တားဆီးတာကို ငါက အော်ပီး အားပေးတာယ်လို့ အပေါ်ကို ရောက်လာတာပါလို့ ပြန်ဖြေ လိုက်ပါတယ်။

ဒီ ဇာတ်လမ်းလေးကို ကြည့်ရင် လူ နှစ်မျိုး နှစ်စားကို တွေ့ရပါတယ်။ ပထမ လူတစ်မျိုးကတော့ တွင်းထဲ ကျသွားတဲ့ ဖား လို လူတွေ ဖြစ်ပါ တယ်။ တွင်းထဲက လွတ်ဖို့အတွက် ခုန်ထွက်တဲ့အခါမှာ ပတ်ဝန်းကျင်ရဲ့ အားပေးမှု လိုအပ်ပါတယ်။ တကယ်တော့ ပတ်ဝန်းကျင်က အားပေးတာ မဟုတ်ဘဲ တားဆီးတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက တားဆီး စကားသံကို အားပေးတယ် ထင်ပြီး အားရပါးရ ခုန်ထွက် တဲ့အခါမှာ တွင်းထဲက လွတ်လာခဲ့ပါတယ်။ "မင်း တော်တော် အသုံး မကျတဲ့ ကောင်၊ မင်းလို ကောင်မျိုး ကောင်းစား မှာ မဟုတ်ဘူးလို့ ငါ ထင်တယ်" ဆိုတဲ့ စကားကို မိတ်ဆွေတွေက ပြောလာရင် အပြောခံ ရတဲ့ သူက ဘယ်လောက် စိတ်ဆိုးလိုက်မလဲ။ ဒါပေမဲ့ အဲဒီ စကားလုံးတွေ ကို ကောင်းတဲ့ ဘက်က ပြန်ယူပြီး မကောင်းတဲ့ စာစကားကို မကြားချင်ယောင် ဆောင်လိုက်ရင် ဘယ်လို စကားမျိုး ထွက်လာမယ် ထင်သလဲ။ "မင်း တော်တော် အသုံး (မ) ကျတဲ့ ကောင်၊ မင်းလို ကောင်မျိုး ကောင်းစား မှာ (မဟုတ်ဘူး) လို့ ငါ ထင်တယ်"။ ကွင်းခတ်ထားတဲ့ အနှုတ်လက္ခဏာ စကားတွေကို ဖယ်ထုတ်လိုက်ရင် "မင်း တော်တော် အသုံးကျတဲ့ ကောင်၊ မင်းလို ကောင်မျိုး ကောင်းစား မှာလို့ ငါ ထင်တယ်"။ ဆိုတဲ့ အပေါင်း လက္ခဏာဆောင်တဲ့ စကား ထွက်လာပါတယ်။ ပတ်ဝန်းကျင်က ဘာဘဲပြောပြော၊ ဘယ်လိုဘဲ တားဆီးတားဆီး၊ ဘာလောက်ဘဲ ရှုံ့ချရှုံ့ချ၊ ကောင်းတာကိုဘဲ နားထောင်ပြီး အသက်ရှင်ပါ။

ဒုတိယ လူတစ်မျိုးကတော့ တွင်းဝက အော်ဟစ် တားဆီးနေတဲ့ ဖားလို လူတွေ ဖြစ်ပါတယ်။ တွင်းဝက ဖားတွေက တွင်းနက်ကြီးရဲ့ အနေအထား၊ အတိုင်း အတာ၊ ပမာဏကို ကြည့်ပြီး တိုင်းထွာ ကြပါတယ်။ နောက်တော့ တွင်းထဲ ကျနေတဲ့ ဖားသေးသေးလေးရဲ့ အရွယ်ပမာဏ၊ အားအင်ကို ကြည့်ပြီး တိုင်းတာပြန်ပါတယ်။ အဲဒီလို တိုင်းတာ နှိုင်းယှဉ် ပြီးတဲ့အခါမှာ 'ဖား'နဲ့ 'တွင်း' အားအင်ချင်း မမျှတာကို လူတွေမြင်တတ်တဲ့ အမြင်နဲ့ မြင်ပြီး ဝိုင်းဝန်းတားဆီးကြပါတယ်။ သူတပါးကို တားဆီးတဲ့ ဖားတွေ အသက်မရှင်ဘဲ၊ အားပေးစကားပြောတဲ့ သူတွေ ဖြစ်စေပါ။ ဒါဝိဒ် နဲ့ ဂေါလျတ် အားမမျှတာကို သိမြင်တဲ့ ဣသရေလ လူတွေက စစ် သွားမတိုက်ဖို့ တားဆီးကြပါတယ်။ သေးငယ်တဲ့ ဒါဝိဒ်က အနှုတ်လက္ခဏာ ဖြစ်တဲ့ တားဆီးတဲ့ စကားတွေကို အပေါင်းလက္ခဏာ အားပေးတဲ့ စကားအသွင် ပြောင်း လိုက်ပါတယ်။ ရလဒ် ကတော့ ရန်သူကို အောင်နိုင်ခဲ့ခြင်းပါဘဲ။ ဘေးလူတွေ ပြောစကားကို နားမ ယောင်ဘဲ အနှုတ်လက္ခဏာကို အပေါင်းလက္ခဏာ အဖြစ် ကြည့်၊ မြင်၊ ခံယူတတ်ဖို့ လိုအပ်ပါတယ်။ အနှုတ်လက္ခဏာ နှစ်ခု (–) (–) ရလာရင်၊ နောက် အနှုတ် လက္ခဏာ တစ်ခုကို ထောင်လိုက် (|) လုပ်လိုက်ပါ။ ပြီးရင် ရလာတဲ့ အနှုတ်လက္ခဏာ အလျား လိုက်(–)နဲ့ ထောင်လိုက်(|) နှစ်ခုကို "(–) (|)" 'ထပ်' လိုက်ပါ။ အပေါင်း လက္ခဏာ (+) ရလာပါလိမ့်မယ်။ ဖြောင့်မတ်ခြင်း၊ သုစရိုက် ကောင်းကျိုးကို လုပ်ဆောင်ဖို့ တား ဆီး ခံခဲ့ရရင် ဖားလေး နှစ်ကောင်ကို သတိရ လိုက်ပါ။ "သခင့်စကား" စာစောင် ရှစ် နှစ် ပြည့်လာသည့်တိုင်အောင် အားပေးခဲ့ကြ သော၊ တားဆီး ခဲ့ကြသော ရောင်းရင်း မိတ်ဆွေများ အားလုံးကို အထူးကျေးဇူးတင် မှတ်တမ်း တင်ပါသည်။ ။

***(မင်းအောင်သက်လွင်)***

<u>မင်း အောင် သက် လွင် စီ စဉ် ယူဏ် ပေ သည်</u>



*သခင့်စကား* ဝိညာဉ်ရေး ရာစာစောင်။ အမှတ်စဉ် ၉၇။ စက်တင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်